ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့၊ (5-2-2008) (၅၅၈၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နည်းပညာတက္ကသိုလ်နှင့် ယှဉ်တွဲပြီး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့ ကလေး၌ ဝင့်ဝင့်ကြွားကြွားတည်ရှိနေ ချင်းပြည်နယ်နှင့် ကလေးဒေသမှ ကျောင်းသားများ အဆင့်မြင့်ပညာများကို လက်လှမ်းတမီ သင်ယူနိုင်ပြီ

နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်း ကလေးမြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်း ဆောင်သစ်၌ စာသင်ခန်းများ၊ ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဝဲပုံ)**နှင့် နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။** (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၅-၂-၂၀၀၈
(အင်္ဂါနေ့)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းဆောင်ရွက် ခံပြကျေးရွာများ တိုးတက်ဖွင့်လှစ်

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအပါအဝင် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို တည်ဆောက် ဖြည့်ဆည်းပေးနေသည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလအတွင်းက တိုက်ကြီးမြို့နယ်အတွင်း နတ်စင်လမ်း၊ ကျိုက်လတ်မြို့နယ် အမှတ် (၃)လမ်း၊ သထုံမြို့နယ် လှေလှော် (၁)လမ်း၊ ဖျာပုံမြို့နယ် အမှတ်(၅)လမ်းတို့တွင် ကတ္တရာလမ်းသစ်ဖွင့်ပွဲများ ကျင်းပခဲ့သည်။ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့်လမ်းများ၊ တံတားများ ဖောက်လုပ်တည်ဆောက်ပေးနိုင်မှုနှင့်အတူ ကျေးလက်နေပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူလျက်ရှိသည်။

ထို့အတူ ဆားလင်းကြီးမြို့နယ် ကျားတက်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ဖျာပုံမြို့နယ် ချောင်းတွင်း (မြောက်) အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အပါအဝင် ကျောက်တန်းမြို့နယ် ကဒပွနစံပြကျေးရွာဖွင့်ပွဲနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ မူလတန်းကြိုကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို မကြာမီက ဖွင့်လှစ်ခဲ့သည်။

ယနေ့အချိန်အခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးမှုကို ဖော်ညွှန်းနေသည့် စံပြကျေးရွာ အများအပြားကို တွေ့မြင်နေရသည်။ ကတ္တရာလမ်းသစ်များ၊ ကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ကျေးရွာ စာကြည့်တိုက်နှင့် ကျေးလက်မီးလင်းရေး လျှပ်စစ်ဓာတ်အားပေးရုံတို့ကို ထူထောင်ထားရှိနိုင်ပြီ ဖြစ်သည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားလာလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်နှင့်အတူ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များကပါ ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် ငွေအားလူအားဖြင့် ပါဝင်လှူဒါန်း ဝိုင်းဝန်းကြိုးပမ်းလျက်ရှိရာ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအပါအဝင် အခြေခံလိုအပ်ချက်များ ပြည့်စုံနေသည့် စံပြကျေးရွာများ တိုးတက် ပေါ်ထွန်းလျက်ရှိနေပြီ ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ အာဇီဝကျောင်းလမ်း ဓမ္မမာမက သာသနာ့ရိပ်သာ၌ သိန်းတစ်ထောင်ကျော် ကုန်ကျမည့် တည်ဆောက်ဆဲ ဆရာတော်စံကျောင်းအတွက် ကိုရီးယားသမ္မတနိုင်ငံ ချင်နန်းမြို့နေ ဒါယိကာမကြီး ကူကရောင်ဟွာနှင့် သမီး ရှီအူနဆန်းနှ်မိသားစုတို့က စံကျောင်းအတွက် ငွေကျပ် ၃၇၅၀၀၀၀နှင့် ဆရာတော် နဝကမ္မအတွက် ငွေကျပ် ၃၇၅၀၀၀တို့ကို ဓမ္မမာမက သာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒက ရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင် စကားပြန် ဆရာကြီး ဒယ်စောင်စည်င် လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သီတဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုဗိမာန်တော်နှင့် ပုဂံမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဓမ္မလေ့လာသင်ကြားရေး ဗိမာန်တော်တို့အတွက် အလှူတော်ငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၄

သီတဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုဗိမာန်တော်နှင့် ပုဂံမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဓမ္မလေ့လာသင်ကြားရေးဗိမာန်တော်တို့အတွက် အလှူရှင်များ၏ အလှူတော်ငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်(၃၃)ရပ်ကွက် ပင်လုံလမ်းရှိ သီတဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ပုဂံမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဓမ္မလေ့လာသင်ကြားရေးဗိမာန်တော်အတွက် မုံရွာမြို့ ရွှေဒေါင်းယဉ် သက်န်းတိုက်ပိုင်ရှင် ဦးထွန်းလှ-ဒေါ်ခင်ပု သားသမီးတစ်စုက ငွေကျပ် သိန်းငါးရာနှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ သီတဂူ ဒေါက်တာကျော်ခိုင်-သုဓမ္မသိင်္ဂီ သီတဂူ ဒေါ်စိန်ထွေးမိသားစုက ငွေကျပ် သိန်းတစ်ရာ၊ သီတဂူအပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြုဗိမာန်တော်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ သီတဂူ ဒေါက်တာကျော်ခိုင်- သုဓမ္မသိင်္ဂီ သီတဂူ ဒေါ်စိန်ထွေး မိသားစုက ငွေကျပ် သိန်းတစ်ထောင်၊ ရန်ကုန်မြို့ သီရိမင်္ဂလာဈေးမှ သီတဂူ အထောက်အကူပြုအဖွဲ့ ဈေးသူ၊ ဈေးသားများက ငွေကျပ် သိန်းတစ်ရာ့ငါးဆယ်နှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဦးမြကျော်-ဒေါ်စုစုဌေး မိသားစုတို့က ငွေကျပ် ခြောက်ဆယ့်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ သီတဂူသာသနာပြုအဖွဲ့ ကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ကလက်ခံသည်။

ထို့နောက် သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက အနုမောဒနာတရားဟောကြား ချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ (သတင်းစဉ်)

သီတဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုဗိမာန်တော် အတွက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ဗဟန်းမြို့နယ်နေ သီတဂူ ဒေါက်တာကျော်ခိုင် - သုဓမ္မသိင်္ဂီ သီတဂူ ဒေါ်စိန်ထွေးမိသားစုက ငွေကျပ် သိန်းတစ်ထောင်ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

၁၉၉၂-၁၉၉၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက် (၅၅)နှစ်ပြည့်ဆရာ၊ ဆရာမကြီးများအား ဖေဖော်ဝါရီ ၁၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက(၁)တာမွေ ပင်လုံခန်းမ၌ ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသော ကျောင်းသားဟောင်းများသည် ဒေါက်တာသိန်းစိုး ဖုန်း-၀၉၅၀၂၂၄၁၂၊ ကိုသက်နိုင်-မမီမီစိုး ဖုန်း- ၀၉၅၁၆၃၀၀၆၊ ၀၁-၅၄၆၉၈၈၊ ကိုအောင်ကြည် ဖုန်း-၀၉၅၀၁၃၃၂၂၊ မမြတ်မြတ်ခိုင် ဖုန်း-၀၁-၅၄၀၃၄၂၊ ကိုကျော်စိုး ဖုန်း-၀၁-၂၀၀၁၁၀၊ ကိုမောင်မောင်ကြည် ဖုန်း-၀၁-၅၄၄၈၄၃၊ ကိုစန်းမြင့် ဖုန်း-၀၉၈၀၃၂၆၇၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပန်းဘဲတန်းမြို့နယ် အမက(၂) ပညာရေး စုံညီပွဲတော်နှင့် ၂၀၀၆-၂၀၀၇ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ဝေယံလင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနွဲ့ ဆုချီးမြှင့်စဉ်။ (က-ပ)

ကိုးထပ်ကြီးဘုရား ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား (၁၀၃)နှစ်ပြည့် (၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် သံဃာ့ပူဇာအဖြစ် ဆွမ်းဆန်စိမ်း လောင်းလှူကြမည်ဖြစ်သည်။

လောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃နာရီတွင် ကိုးထပ်ကြီးဘုရားရင်ပြင်တော်၌ ဘုရားအမှူးပြု၍ သံဃာတော်အပါး ၉၀တို့အား ရပ်ပွားတော်မြတ်ကြီးကို လက်ယာရစ်လှည့်လည်၍ အောင်ပွဲသိမ်း ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်သည်။

လောင်းလှူပွဲအပြီး ညနေ ၅ နာရီတွင် နိဗ္ဗာန်ဈေးပွဲတော် စတင်မည်ဖြစ်ရာ ဈေးပွဲတော်တွင် ပါဝင်ကုသိုလ်ယူလိုသူများ၊ စေတနာရှင်များသည် ထိုင်ခုံနေရာများ စနစ်တကျသတ်မှတ်ပေးမည်ဖြစ်ပါ၍ ဂေါပကအဖွဲ့ရုံး ဖုန်း-၅၀၀၆၆၃ သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (၀၄)

သဃ်န်းကျွန်းမြို့နယ် အထက(၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် အလှူငွေလှူဒါန်းပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ အလှူရှင် ကျောင်းသူဟောင်း မမာလာဝင်း(UNITED-DICTIONARY**) မန်နေဂျင်းဒါရိုက်တာက မြတ်ဆရာများအား ပူဇော်ကန်တော့ရန် အလှူငွေကျပ် တစ်သိန်းကို ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များထံ ပေးအပ်လှူဒါန်းစဉ်။** (၅၀၆)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည်းကူးမြို့နယ်အတွင်းရှိ မြစ်ရေတင်စီမံကိန်းများနှင့် ဘိုင်အိုအီသနောစက်ရုံ စမ်းသပ်လည်ပတ်မှုတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၁၁နာရီခွဲတွင် လှည်းကူးမြို့နယ်ရှိ လဝွန်းပြင်ရေလှောင်တမံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဧက၉၃၀၀ အကျိုးပြု လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်ကို လည်းကောင်း၊ ငမိုးရိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်တွင် နွေစပါးစိုက်ပျိုးရန်အတွက် ကီလိုဝပ်၂၅၀ ရှိ ရေစုပ်စက်မှ ရေတင်နေမှုနှင့် တစ်စက္ကန့်လျှင် ရေကုဗပေ ၄၀ထွက်ရှိသည့် ရေပိုက်ကြီးနှစ်လုံးဖြင့် ရေဖြန့်ဝေပေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းပြီးစီးပါက ဆင်ကူး၊ မုဆိုးညောင်ပင်၊ ရှမ်းရွာ၊ ဘိုးရင်ကလေး၊ အဝိုင်းအနောက်၊ မလစ်အနောက်၊ ရေကျော်နှင့် စစ်ပင်ဒေသများရှိ လယ်မြေဧက၈၀၀၀ကို တစ်ကွင်းတစ်စပ်တည်း ရေပေးစိုက်ပျိုးနိုင်မည်ဖြစ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း နွေစပါးဧက၁၆၂၀၀၀ လျာထားသည့်အနက် ဧက၁၀၅၀၀၀ စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် Myanmar Winery & Distillery Co., Ltd ကဆောင်ရွက်လျက်ရှိသည့် ဘိုင်အိုအီသနောစက်ရုံသို့ ရောက်ရှိပြီးစက်ရုံမှ စမ်းသပ်ထုတ်လုပ်ထားသည့် ဘိုင်အိုအီသနောများနှင့် ဘိုင်အိုအီသနောကိုအသုံးပြု၍ ဆိုင်ကယ်နှင့်ကားများ စမ်းသပ်မောင်းနှင် သရုပ်ပြသမှုကိုလည်းကောင်း၊ စွန့်ပစ်ရေ ပြန်လည်အသုံးချမှု နည်းစဉ်အဆောက်အအုံ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဘိုင်အိုအီသနောစက်ရုံကို နိုင်ငံတော်၏ စွမ်းအင်လောင်စာကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ရန် ၂၀၀၅ခုနှစ် မေလတွင် မြန်မာအင်ဂျင်နီယာများက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဓိကကုန်ကြမ်းအဖြစ် ပီလောပီနံ၊ နံ့စားပြောင်းနှင့် ကောက်နှံကုန်ကြမ်းအပေါ် အခြေခံ၍ ထုတ်လုပ်ရန် လျာထားသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧက၁၄၀၀အကျိုးပြု ငွေနံ့သာ လျှပ်စစ်ရေတင်စီမံကိန်း လုပ်ငန်းခွင်သို့လည်းကောင်း၊ ဆင်ဖုံလျှပ်စစ်ရေတင် စီမံကိန်းတိုးချဲ့လုပ်ငန်းမှ ဧက ၃၀၀ကို ရေပေးဝေနေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မပဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည်းကူးမြို့နယ်ရှိ ငမိုးရိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဲဖြူတောရ ဓမ္မရိပ်သာ တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရဓမ္မရိပ်သာတွင် ဖေဖော်ဝါရီ ၈ ရက်မှ ၁၈ ရက်အထိ တရားစခန်းကျင်းပမည်ဖြစ်ပါ၍ ယောဂီများ ဖုန်း-၆၆၆၁၆၃၊ ၆၆၂၈၃၆၊ ၆၆၇၇၁၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ ရန်ကုန်မြို့မှ ယောဂီများစုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီခွဲအရောက်လာကြရန် နှိုးဆော်ထားသည်။

(က-ပ)

မြို့နယ်စာပေ/စာနယ်ဇင်းအဖွဲ့ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဒလမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် စာဆိုတော်နေ့အထိမ်းအမှတ် ဒုတိယအကြိမ်မြောက် စာစီစာကုံးပြိုင်ပွဲ၊ တက္ကသိုလ်ဝင်တန်းတွင် မြန်မာစာဂုဏ်ထူးဆုရ ကျောင်းသူနှင့်ဂုဏ်ထူးဆုရအောင် သင်ကြားပေးသော ဆရာ/ဆရာမများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ရက် နံနက် ၉နာရီက သီရိဇေယျနော်ရထာခန်းမတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဦးခင်ဆွေ(ရွှေစွန်ညို) နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးသန်းလှိုင်က ဆရာ/ဆရာမများအား ကျေးဇူးတင်စကား ပြောကြားပြီး မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးဝင်းကိုကို (အောင်မင်း-ဒလ) က ပြိုင်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများ ပေးအပ်သည်။ **(ယာပုံ)**

ထက်-လယ်-မူ စာစီစာကုံး ဆုရသူများ၊ မြန်မာစာဂုဏ်ထူးရသူ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးသော ဆရာ/ဆရာမများအား ဂုဏ်ပြုဆုများကို ဓာတ်ပုံ ရွှေအင်းသားခင်မောင်ဝင်းမိသားစုက ပံ့ပိုးပြီး လာဘ်မိုးရွှေစာအုပ်တိုက်ထုတ်မဂ္ဂဇင်းများ၊ အင်အားမီဒီယာဂရု(ဖ်)မှထုတ်ဝေသော ၂၄/၇ (၂၄နာရီ ၇ရက် သတင်းဂျာနယ်) လျှပ်တစ်ပြက်ဂျာနယ်များကို တက်ရောက်လာသူပုဂ္ဂိုလ်များအားလက်ဆောင်ပေးကြောင်းသိရသည်။ (က-ပ)

ပေးအပ်လှူဒါန်း

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ကိုယ်ပွားပြည်လုံးချမ်းသာ ရွှေစေတီတော် ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ်သိန်း ၃၀ ကို ဦးသိန်းအောင်-ဒေါ်အေးမြင့် (တော်ဝင်အောင်ကုမ္ပဏီ) မြောင်းမြလမ်း၊ စမ်းချောင်း မိသားစုက ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်း(အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ)နှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (၃၅)

အကြိမ်(၂၀)မြောက် မြန်မာနိုင်ငံ အရိုးရောဂါကုဆရာဝန် ညီလာခံကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အရိုးရောဂါကုပညာအဖွဲ့ကကြီးမှူး၍ အကြိမ်(၂၀)မြောက် မြန်မာနိုင်ငံ အရိုးဆရာဝန်ညီလာခံကို ဖေဖော်ဝါရီ၆ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၆ ရက်တွင် Pre-Conference Workshopကို ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်အထိ မြန်မာနိုင်ငံအရိုးဆရာဝန်ညီလာခံကို ဆက်လက်ကျင်းပသွားမည်ဖြစ်သဖြင့် အရိုးရောဂါအထူးကုဆရာဝန်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလှ(၄) ပန်းချီပြိုင်ပွဲ ဆုရသူများစာရင်းထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နှင့် အိုအေစစ်ပန်းချီပြခန်းတို့ ပူးပေါင်းစီစဉ်သည့် မြန်မာ့အလှ(၄)ပန်းချီပြိုင်ပွဲဆုရသူများ၏ စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။ ယခင်ပြိုင်ပွဲများတွင် ပထမ၊ဒုတိယ၊ တတိယဆုရရှိပြီးသူများ၏ အထူးပြိုင်ပွဲတွင် ပန်းချီထူးချွန်ဆုကို ကျိုက်လတ်ဝင်းမောင်(လှည်းကူး)က ရရှိသည်။ မြန်မာ့အလှ(၄)ပန်းချီပြိုင်ပွဲ ၂၀၀၈အတွက် ဆုရရှိသူများမှာ ပထမ ပြည်ကျော်ဟန်(ရန်ကင်း)၊ ဒုတိယ နီပိုဦး(တောင်ဥက္ကလာ)၊ တတိယ ကြေးဟန်(ဒဂုံဆိပ်ကမ်း)တို့က ရရှိပြီး အထူးဆုများကို စောလင်းအောင်(ဗဟန်း)၊ဝင်းသိန်း(မြောက်ဒဂုံ)၊ ရွှေငွေးမောင်(သာကေတ)၊ ကျော်ကျော်သွင်(စမ်းချောင်း)နှင့် ဇော်ဝင်း(ကြည့်မြင်တိုင်)တို့က ရရှိကြသည်။

ဆုရသူများ ဂုဏ်ပြုချီးမြှင့်ပွဲကို Park Royal Hotel၌ မတ် ၂ရက် နံနက် ၉နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ဆုရသူများအနေဖြင့် ဖေဖော်ဝါရီ ၈ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ဖုန်း-၂၄၀၉၆၆ လိုင်းခွဲ(၇၀၆)သို့ ဆက်သွယ်သတင်းပို့ရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အကြမ်းဖက်တိုက်ခိုက်မှုများ ရပ်ရန် ကင်ညာ နိုင်ငံရေးပါတီများ သဘောတူ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၃

တစ်ဖက်နှင့် တစ်ဖက် အားပြိုင်ရန်စောင်နေကြသော ကင်ညာ နိုင်ငံရေးအတိုက်အခံ ပါတီများ ဆွေးနွေးရန်အတွက် အချက်လေးချက်ကို သောကြာနေ့က သဘောတူခဲ့ကြောင်း၊ ၎င်းတို့သည် ၁၅ ရက်အတွင်း နိုင်ငံရေး အကြမ်းဖက်မှုများ ဖြစ်ပွားခြင်းကို ပြန်လည်ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ကြောင်း ဖျန်ဖြေရေးအဖွဲ့ အကြီးအကဲနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က ပြောကြားသည်။

ကင်ညာနိုင်ငံတွင် ဆူပူမှုများကြောင့် အိုးအိမ်ပစ်၍ ထွက်ပြေးကြရသော ပြည်သူများ၏ အိမ်များမှ ပစ္စည်းများအားဝင်ရောက် ယူငင်နေကြသူများကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လုပ်ငန်းစဉ် အကြောင်းအရာ သုံးခုကို ပထမဆုံး ဖြေရှင်းနိုင်မည် ဖြစ်ကြောင်း၊ ထိုအကြောင်းအရာများကို ခုနစ်ရက်မှ ၁၅ ရက်အတွင်း ဖြေရှင်းနိုင်စရာရှိသည်ဟု ယုံကြည်ကြောင်း အာနန်က သတင်းထောက်များကို ပြောကြားသည်။ ပထမဆုံးအနေဖြင့် လတ်တလော အကြမ်းဖက်တိုက်ခိုက်မှုများ ရပ်ဆိုင်းရန် ဖြစ်သည်။

အငြင်းပွားနေသော ဒီဇင်ဘာ ရွေးကောက်ပွဲရလဒ်တွင်သမ္မတကီဘာကီ ပြန်လည်အရွေးခံရသည်။ ယင်းနောက် ကင်ညာနိုင်ငံတွင် ဆန့်ကျင်ဘက် အဖွဲ့အစည်း အများအကြား ပဋိပက္ခ ဖြစ်ပွားလာမှုများကြောင့် ပြည်သူ ၈၅၀ ထက် မနည်းသေဆုံးခဲ့ရပြီဖြစ်သည်။

နိုင်ငံရေးပါတီများ သဘောတူရန် လိုအပ်သည့် အချက်များသည် အကြမ်းဖက် တိုက်ခိုက်မှုများ ရပ်ဆိုင်းရန်၊ ထိခိုက်နစ်နာရသူများကို လူသားချင်းစာနာသော အကူအညီပေးရန်၊ လတ်တလောနိုင်ငံရေး အကျပ်အတည်းကို ဖြေရှင်းရန်နှင့် ရေရှည်လက်ခံနိုင်မည့် အဖြေတစ်ရပ်ရှာရန်တို့ဖြစ်ကြောင်း အာနန်က ပြောကြားပြီး တစ်နှစ်အတွင်း သဘောတူညီနိုင်ဖွယ်ရာရှိကြောင်း ခန့်မှန်းပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာ ဗီယက်နမ် ပယ်ချ

ဟန်နွိုင်း ဖေဖော်ဝါရီ ၃

ဗီယက်နမ်နိုင်ငံအကြောင်း ဖော်ပြထားသော လူ့အခွင့်ရေးအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာပါ အချက်အလက်များကို ဗီယက်နမ်နိုင်ငံက ဖေဖော်ဝါရီ ၁ ရက်တွင် ပယ်ချလိုက်ကြောင်း ဗီယက်နမ်သတင်းဌာနက ဖော်ပြသည်။

မှားမှားယွင်းယွင်းဖော်ပြ

ဗီယက်နမ်နိုင်ငံနှင့် ပတ်သက်၍ မှားမှားယွင်းယွင်း ဖော်ပြထားသော လူ့အခွင့်အရေးအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လီဒေါင်က ပြောကြားသည်။

အစီရင်ခံစာ ထုတ်ပြန်သော လူ့အခွင့်အရေးအဖွဲ့မှာ အမေရိကန်နိုင်ငံနယူးယောက်မြို့ အခြေစိုက်အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ထိုအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာသည် ယခုနှစ်၌လည်း မှားယွင်းစွာ ဖော်ပြပြန်သည့်အတွက် မိမိတို့ စိတ်မကောင်းဖြစ်ရကြောင်း၊ ယင်းအစီရင်ခံစာပါ ဖော်ပြချက်များသည် နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီမှုမရှိကြောင်း ဗီယက်နမ်နိုင်ငံမှ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံသားများ၏ လွတ်လပ်စွာပြောဆိုခွင့် အပါအဝင် အခြားလွတ်လပ်ခွင့်များနှင့် ဒီမိုကရေစီအခွင့်အရေးများကို အစဉ်လေးစားလျက်ရှိကြောင်း လေးလေးနက်နက် ထပ်လောင်းဖော်ပြလိုက်သည်ဟု ၎င်းက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံတွင် နိုင်ငံရေး ဖိနှိပ်မှုနှင့် ဖမ်းဆီးမှုများ၊ ဘာသာရေးအရ ဖိနှိပ်မှုနှင့် ဖမ်းဆီးမှုများ မရှိကြောင်း တည်ဆဲနိုင်ငံ၏ ဥပဒေများကို ဖောက်ဖျက်သည့်အတွက် အရေးယူရမှုများသာရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုးမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး ပျက်စီးသွားသော ကားတစ်စီးကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မသင်္ကာဖွယ်ရာ သောင်းကျန်းသူများ ထိုင်းတောင်ပိုင်းတွင် ဖမ်းဆီး

ဗန်ကောက် ဖေဖော်ဝါရီ ၃

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်ရှိ ကျေးရွာတစ်ရွာသို့ ရောက်နေသော မသင်္ကာဖွယ်ရာသောင်းကျန်းသူများကို ဖမ်းဆီးရန် ဥပဒေဝန်ထမ်း၊ ရဲနှင့် စစ်ဘက်တပ်ဖွဲ့ဝင် ၁၅၀ ခန့် ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက်က ရွာကိုဝိုင်းခဲ့ကြကြောင်း ဒေသခံမီဒီယာသတင်းက ဖော်ပြသည်။

ရှာဖွေ

၎င်းတို့သည် အလိုရှိနေသူ စကာရီယာဂျက်တက်ခ်ကို ဖမ်းဆီးရန် ရူဆိုခရိုင်မှ ဘူအာရင်ရွာကို ဝိုင်းခဲ့ကြခြင်းဖြစ်သည်။ ရွာကို ရှာဖွေသောအခါ စကာရီယာကို မတွေ့သော်လည်း မသင်္ကာဖွယ်ရာ လူ ၁၈ ဦးကို တွေ့ရှိခဲ့သဖြင့် ဖမ်းဆီးခဲ့ကြောင်း နေ့ရှင်းသတင်းစာက ရေးသားသည်။

အထောက်အထား

မကြာသေးမီက နာရာသီဝပ်ဒေသ၌ ဖောက်ခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားသောနေရာတွင် စကာရီယာ၏ သက်သေခံကတ်ပြားကျန်ခဲ့သည်။ ထိုအထောက်အထားအရ ရဲများက ရွာကို စီးနင်းကြခြင်းဖြစ်သည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးရန် နာရာသီဝပ်ဒေသရှိ ရှေ့တန်းစစ်ဆင်ရေးစခန်းသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ယူဂန္ဒာတွင် အဆောက်အအုံပြိုကျ ၁၂ ဦး သေဆုံး

ကမ်ပါလာ ဖေဖော်ဝါရီ ၃

ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့ ဆင်ခြေဖုံးတွင် ဇန်နဝါရီလကုန်ရက်နံနက်ပိုင်းက လေးထပ်ကျောင်း ဆောက်ဆောက်လုပ်စဉ် ပြိုကျမှုဖြစ်ပွားခြင်းကြောင့် အလုပ်သမား ၁၂ ဦးထက်မနည်း သေဆုံးပြီး အပျက်အစီးများကြား၌ ၃၀ ခန့် ပိတ်မိနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းနေ့ နံနက်ပိုင်းက အဆောက်အအုံပြိုကျသည့် အချိန်တွင် ဆောက်လုပ်ရေး လုပ်ငန်းခွင်၌ အလုပ်လုပ်နေသော အလုပ်သမား ၃၀ ခန့်ရှိနေကြောင်း မျက်မြင်တွေ့ရှိသူက ပြောကြားသည်။

စိန့်ပီတာနယ်ရှိ ကျောင်း၏ ကျောင်းသားများအတွက် ကျောင်းဘော်ဒါဆောင် ပြိုကျမှုတွင် အသက်ရှင် ကျန်ရစ်သူများကို ရှာဖွေရန် ကယ်ဆယ်ရေးအဖွဲ့များသည် ညပိုင်းအထိ လုပ်ကိုင်လျက်ရှိကြောင်း ယူဂန္ဒာနိုင်ငံ အိုးအိမ်ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျာမနီ၌ ဆီးနှင်းထူထပ်စွာကျဆင်း အဝေးပြေးလမ်းများ ပိတ်ရ

ဘာလင် ဖေဖော်ဝါရီ ၃

ဂျာမနီနိုင်ငံတွင် ဖေဖော်ဝါရီ ၂ ရက်က ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုကြောင့် ယာဉ်အသွားအလာ ပိတ်ဆို့ပြီး ယာဉ်အများအပြား နှောင့်နှေးကြန့်ကြာမှုဖြစ်ရခြင်းကြောင့် အဝေးပြေးလမ်းများကို ပိတ်ထားရကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

<u>ပိတ်သွား</u>

ဂျာမနီနိုင်ငံအနောက်ပိုင်းရှိ နော့ဒါဟိန်းပြည်နယ်မှ အနောက်ဖယ်လင်ပြည်နယ်သို့ ဆက်သွယ်သော အဓိက ကားလမ်း၊ ကိုလော့နီနှင့် ဒူဆယ်ဒေါ့ဖ် စီးပွားရေးဗဟိုမြို့များသို့ သွားသည့်လမ်းမှအပ ကျန်အဝေးပြေးလမ်းများ စနေနေ့ နံနက်ပိုင်းက ပိတ်သွားသည့်အတွက်ကြောင့် ခရီးသည်အများအပြား သွားလာမှု ထိခိုက်စေခဲ့ကြောင်း အင်န်တီဗီမှ ဖော်ပြထားသည်။

အဝေးပြေးလမ်းများသည် ရေခဲနှင့်ဆီးနှင်းများ ဖုံးလွှမ်းနေပြီး လမ်းများ ချော်နေမှုကြောင့် ကုန်တင်ယာဉ်များအတွက် အန္တရာယ်ရှိနိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အာဏာပိုင်များက လမ်းများ မည်သည့်အချိန် ပြန်ဖွင့်နိုင်မည်ကို အတည်ပြုပြောကြားနိုင်ခြင်း မရှိကြောင်း ယင်းသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပြိုကျသွားသည့် ဂါဇာ–အီဂျစ်နယ်စပ်ဒေသ အကာအရံအား အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ပြန်လည်ကာရံနေသည်ကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန် အကြိုအခြေခံ သမ္မတလောင်းရွေးပွဲ၌ အိုဘားမားနှင့် ကလင်တန် မတိမ်းမယိမ်းဖြစ်နေ

ဝါရှင်တန် ဖေဖော်ဝါရီ ၄

အမေရိကန်နိုင်ငံ၏ အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများအပေါ် ပြည်သူ့သဘောထား အခြေအနေ မည်သို့ရှိသည်ကို ဖော်ထုတ်ရန် ရိုက်တာသတင်းဌာန စီ-စပန် ပြည်သူ့သဘောထား ပြုစုရေးနှင့် ပြည်သူ့ သဘောထား လေ့လာဆန်းစစ်သူ ဇောက်ဘီလေ့လာရေးအဖွဲ့တို့သည် စစ်တမ်းများ ကောက်ယူလေ့လာခဲ့သည်။

အမေရိကန်နိုင်ငံ၏ အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ဆီနိတ်တာ ကလင်တန်၊ ဆီနိတ်တာ မက်ကိန်း၊ ဆီနိတ်တာ အိုဘားမားနှင့် ဆီနိတ်တာ မစ်ရွမ်နေးတို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုစစ်တမ်းများအရ ဒီမိုကရက်တစ်ပါတီမှ ပါဝင်ယှဉ်ပြိုင်သူ အိုဘားမားသည် ကလင်တန်ထက် လူကြိုက်များမှုတွင် အပြတ်အသတ်အသာရသည့်အဖြေ မထွက်သေးဘဲ အနည်းငယ်သာ အသာရနေသည့် အနေအထားတွင် ရှိသည်ဟု ဆိုသည်။

ကယ်လီဖိုးနီးယား ပြည်နယ်တွင် အိုဘားမားက အသာရနေပြီး နယူးဂျာစီနှင့် မစ်ဆိုရီပြည်နယ်များတွင် အိုဘားမားနှင့် ကလင်တန်တို့အပေါ် လူထုကြိုက်နှစ်သက်မှုသည် အပြိုင်ဖြစ်နေသည်ဟု သဘောထားလေ့လာရေးအဖွဲ့၏ အစီရင်ခံစာတွင် ရေးသားထားသည်။

ရီပတ်ဘလီကန်ပါတီတွင်း ယှဉ်ပြိုင်ဘက်များအကြား၌မူ ဂျွန်မက်ကိန်းသည် မစ်ရွမ်နေးအပေါ် နယူးယောက်နှင့် နယူးဂျာစီတို့တွင် ဂဏန်းနှစ်လုံးဖြင့် အသာရနေသည်ဟု ဆိုသည်။ ကယ်လီဖိုးနီးယားနယ်၌မူ ရွမ်နေးက မက်ကိန်းအပေါ် ၃၇ ရာခိုင်နှုန်း၊ ၃၄ ရာခိုင်နှုန်းဖြင့် မတိမ်းမယိမ်း အသာရလျက်ရှိသည်ဟု သဘောထားစစ်တမ်းကဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

ချဒ်နိုင်ငံတွင် သူပုန်နှင့်အစိုးရတို့ တိုက်ပွဲများဖြစ်ပွား ပြည်သူ ထောင်ပေါင်းများစွာ ဘေးလွတ်ရာပြေးရ

အင်ဂျာမီနာ ဖေဖော်ဝါရီ ၄

ချဒ်နိုင်ငံ မြို့တော်အင်ဂျာမီနာတွင် အစိုးရတပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များအကြား နှစ်ရက်ကြာ တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေသဖြင့် နိုင်ငံခြားသားများအပါအဝင် ပြည်သူထောင်ပေါင်းများစွာတို့သည် မြို့တော်ကိုစွန့်ခွာ၍ ထွက်ပြေးနေကြကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

အစိုးရတပ်ဖွဲ့များက သူပုန်များကို မြို့တော်အတွင်းမှ မောင်းထုတ်နိုင်ခဲ့ကြောင်း ပြောကြားသော်လည်း သူပုန်များကမူ အရပ်သားများ မြို့မှထွက်ခွာသွားနိုင်ရန် လမ်းဖွင့်ပေးခြင်းသာဖြစ်သည်ဟု ဆိုသည်။

ဆက်လက်ဖြစ်ပွား

တိုက်ပွဲများသည် မြို့ပြင်ပိုင်း၌ ဆက်လက်ဖြစ်ပွားနေပြီး လမ်းများပေါ်တွင် အလောင်းများ ပြန့်ကျဲနေသည်ကို တွေ့ရကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောကြားသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ချဒ်သို့ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့များစေလွှတ်ရန် နှောင့်နှေးနေကြသည်။ ထို တပ်ဖွဲ့များ၏ ရည်ရွယ်ချက်မှာ ဆူဒန်နယ်စပ်အနီး ဒါဖာဒေသရှိ ဒုက္ခသည် စခန်းများကို စောင့်ရှောက်ရန်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းများအား အကာအကွယ်ပေးရန်ဖြစ်သည်။

ဆူဒန်အစိုးရသည် ချဒ်သူပုန်များက ထိုးစစ်ဆင်နိုင်စေရန် အကူအညီပေးနေခြင်းဖြစ်ကြောင်း ချဒ်အစိုးရက အပြစ်တင်သည်။ ဆူဒန်အစိုးရက ထိုစွပ်စွဲချက် မဟုတ်မမှန်ကြောင်း တုံ့ပြန်ပြောကြားသည်။ ***အင်တာနက်။***

အစိုးရတပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များအကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေသဖြင့် ချဒ်နိုင်ငံ အင်ဂျာမီနာမြို့မှ ထွက်ခွာရန် ပြင်ဆင်နေသည့် နိုင်ငံခြားသားအချို့ကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံတွင် နှင်းမုန်တိုင်းကျပြီး ရာသီဥတု ဆိုးရွားနေသည့်အတွက် ပိတ်သွားသောလမ်းများအနက် ပေကျင်းနှင့် ဇူဟိုင်းလမ်းမကြီး ပြန်လည်သွားလာနိုင်ပြီဖြစ်၍ ထွက်ခွာသွားသော ဘတ်စ်ကားတစ်စီးကို ဖေဖော်ဝါရီ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နှင်းမုန်တိုင်းများ တရုတ်၊ ဂျပန်နှင့် ဆွီဒင်တို့တွင်ကျရောက် ဟောင်ကောင်တွင်အအေးပိုနိုင်ကြောင်း သတိပေး

ပေကျင်း ဖေဖော်ဝါရီ ၄

တရုတ်နိုင်ငံ ဒေသအများအပြားတွင် နှင်းမုန်တိုင်းတိုက်ခတ်ပြီး ရာသီဥတုဆိုးရွားနေသောကြောင့် ပြည်နယ် ၂၀ တွင် အသုံးပြုနေသော လက်ကိုင်ဖုန်းများမှာ အသုံးပြု၍မရဘဲ ဖြစ်သွားရကြောင်း ဖေဖော်ဝါရီ ၃ ရက်က ထွက်ပေါ်လာသောသတင်းအရ သိရသည်။

ပြင်းထန်သော ရာသီဥတုဒဏ်ကြောင့် တယ်လီဖုန်းအခြေစိုက်စခန်းပေါင်း ၂၈၀၀၀ မှာ ပျက်စီးသွားခဲ့သည်။ ထို့ကြောင့် တရုတ်မိုဘိုင်းလ်ကုမ္ပဏီသည် လုပ်သားအင်အား ၁၆၉၀၀၀ အသုံးပြု၍ အမြန်ပြင်ဆင်ရာ တနင်္ဂနွေနေ့တွင် အခြေစိုက်စခန်းပေါင်း ၁၇၀၀၀ မှာ ပြန်လည်ကောင်းမွန်နေပြီဖြစ်သည်။ တယ်လီဖုန်းအားလုံး နှစ်သစ်ကူးအမီ ပြန်လည် အသုံးပြုနိုင်စေရန် အပူတပြင်း ပြင်ဆင်လျက်ရှိသည်။

အလားတူ ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် နှင်းများသိပ်သည်းစွာ ကျဆင်းလာမှုကြောင့် တနင်္ဂနွေနေ့က မတော်တဆမှုများ ဖြစ်ပွားသည့်အတွက် တိုကျိုမြို့အနီး ချီဘာအရပ်တွင် အနည်းဆုံး ၄၅ ဦးဒဏ်ရာရရှိသွားသည်။ နှင်းများ သည် အလယ်ပိုင်း တိုကျိုဒေသ၌ သုံးစင်တီမီတာထုအထိ နှင်းကျပြီး ကာဝါဂူချီကိုမြို့တွင် ၂၅ စင်တီမီတာထုအထိ သိပ်သည်းစွာ ကျရောက်သည်။

ဆွီဒင်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌လည်း ယခုရက်ပိုင်းအတွင်း နှင်းများထူထပ်စွာကျပြီး ရာသီဥတု ပြင်းထန်သည့်အတွက် ယာဉ်မတော်တဆမှုများဖြစ်ပွားရာ အနည်းဆုံးခြောက်ဦး သေဆုံးရသည်။

ဟောင်ကောင်တွင် လာမည့်ရက်များအတွင်း ၁၀ ရက်ဆက်တိုက် အအေးပိုမည်ဖြစ်ကြောင်း မိုးလေဝသဌာနက သတိပေးထားသည်။ ထိုသို့ အအေးလွန်ခဲ့သည့်အဖြစ်များကို မကြုံရသည်မှာ အနှစ် ၂၀ ကျော် ၃၀ ရှိသွားပြီဖြစ်ကြောင်း မိုးလေဝသဆိုင်ရာများက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်မြောက်ပိုင်းတွင် ကန်တပ်ဖွဲ့ဝင်တစ်ဦး မတော်တဆမှုဖြင့် သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသည် ဖေဖော်ဝါရီ ၃ ရက်က အီရတ်မြောက်ပိုင်း၌ရှိနေစဉ် တိုက်ခိုက်မှုနှင့် မသက်ဆိုင်သော မတော်တဆမှုဖြစ်ပွား၍ သေဆုံးသွားကြောင်း စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

သေဆုံးသွားသော တပ်ဖွဲ့ဝင်သည် နိုင်ငံစုံတပ်ဖွဲ့ဝင်အဖွဲ့၌ ပါဝင်၍ တာဝန်ထမ်းဆောင်နေသူတစ်ဦး ဖြစ်သည်။ ၎င်းသည် တနင်္ဂနွေနေ့တွင် နင်နီးဗား ပြည်နယ်၌ သေဆုံးသွားခြင်းဖြစ်သည်။

ထိုမတော်တဆမှု အဘယ်ကြောင့်ဖြစ်ပွားရသည်ကို စုံစမ်းနေဆဲဖြစ်သည်။ လတ်တလော အခြေအနေတွင် သေဆုံးသူတပ်ဖွဲ့ဝင်၏ ဆွေမျိုးသားချင်းများကို အကြောင်းကြားနေဆဲဖြစ်၍ ၎င်း၏အမည်ကို ထုတ်ဖော် ပြောကြားခြင်း မရှိသေးပေ။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်မှစ၍ ယနေ့အထိ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၃၉၄၀ကျော်သွားပြီဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်၌ တိုက်ခိုက်မှုဖြစ် ရဲနှစ်ဦးနှင့် စစ်သွေးကြွသုံး ဦးသေဆုံး

ပက်ရှဝါ(ပါကစ္စတန်) ဖေဖော်ဝါရီ ၄

တည်ငြိမ်မှုမရှိသည့် ပါကစ္စတန်အနောက်မြောက်ပိုင်း အာဖဂန်နယ်စပ်တွင် ဖေဖော်ဝါရီ ၂ရက်က ရဲတပ်ဖွဲ့နှင့် စစ်သွေးကြွတို့ တိုက်ခိုက်မှုဖြစ်ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် စစ်သွေးကြွသုံးဦးတို့ သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အနောက်မြောက်နယ်စပ်ပြည်နယ် မာဒန်မြို့တွင် စစ်သွေးကြွများ ပုန်းအောင်းနေသည့် နေအိမ်ကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းရာမှ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲ တွင် စစ်သွေးကြွများက ရဲတပ်ဖွဲ့ကို လက်ပစ်ဗုံးများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။ တိုက်ခိုက်မှုသည် ခုနစ်နာရီကြာခဲ့ကြောင်း သိရသည်။

စစ်သွေးကြွများကို ရဲတပ်ဖွဲ့က ဝိုင်းထားကြောင်း၊ စစ်သွေးကြွများက လက်နက်မချဘဲ စတင်ပစ်ခတ်ခဲ့ကြောင်း မာဒန်မြို့ အထက်တန်းရဲအရာရှိ အဗ္ဗဒူလာခန်းကပြောကြားသည်။

ယင်းအိမ်အတွင်းမှ စစ်သွေးကြွသုံးဦး၏ ရုပ်အလောင်းနှင့် ဗုံးတပ်ဆင်ထားသည့် ဝတ်စုံတို့ကိုလည်း တွေ့ရှိခဲ့ကြောင်း၊ ယင်းတိုက်ပွဲတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မာဒန်မြို့သည် ပြည်နယ်မြို့တော် ပက်ရှဝါ၏အရှေ့မြောက်ပိုင်း ကီလိုမီတာ ၄၀ အကွာတွင်ရှိပြီး ယခင်က တိုက်ခိုက်မှုမရှိသည့် နေရာဖြစ် သည်။ နယ်စပ်အလှမ်းကွာသည့်နေရာတွင်ရှိပြီး အယ်လ်ခိုင်ဒါနှင့် အာဖဂန် တာလီဘန်တို့ ခိုလှုံနေသည့် အရပ်လည်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီဂျစ်နယ်စပ်မှ ဂါဇာဒေသသို့ ခြသေ့်နှင့်မျောက် ခိုးထုတ်ရန်ကြိုးစား

အစ်မေးလီးရား (အီဂျစ်) ဖေဖော်ဝါရီ ၄

ဟားမက် စစ်သွေးကြွများသည် ဂါဇာနှင့် အီဂျစ်နယ်နိမိတ် တံတိုင်းကြီးကို ဖျက်ဆီးလိုက်ပြီးနောက် ပါလက်စတိုင်းများသည် အီဂျစ်နိုင်ငံအတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့သည်။ ၎င်းတို့သည် အီဂျစ်နိုင်ငံ၌ အစားအသောက်များ၊ လောင်စာဆီများနှင့် မရှိမဖြစ်လိုအပ်သော အသုံးအဆောင်များ စုဆောင်း၍ ဂါဇာဒေသသို့ ပြန်လာကြသည်။ သို့ရာတွင် ထိုသူများထဲမှ အမျိုးသားတစ်ဦးမှာ ခြသေ့်ပေါက်လေးတစ်ကောင်နှင့် မျောက်တစ်ကောင်ကိုဝယ်ပြီး မှောင်ခိုထုတ်ဖို့ ကြိုးစားခဲ့ကြောင်း သိရသည်။

ထိုအမျိုးသားက ခြသေ့်ငယ်နှင့်မျောက်တို့အား ဂါဇာဒေသတွင် ရောင်းချရန်ဖြစ်ကြောင်း ဝန်ခံသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အပြောနဲ့လက်တွေ့ အများနဲ့အမှန် ဝေဖန်သင့်ပြီ

တိကြားမင်းခေါင်

"ကိုအောင်ပြန်လာပြီလား---"

"တာဝန် (On Duty)နဲ့လာတာပါဗျာ"

"ကိုအောင် ခင်ဗျားကို မေးချင်နေတာတစ်ခုရှိတယ်"

"ဆိုဗျာ"

"ခင်ဗျား တက္ကသိုလ်မှာ နေစဉ်တုန်းက နိုင်ငံရေးအတော်လေ့လာပြီး ကျုပ်တို့အထဲမှာ အလွန်တက်ကြွခဲ့တဲ့လူပဲ၊ အခုငြိမ်ချက်သားကောင်းလှချည်လား"

"ကျုပ်အကြောင်းမသိလို့ပါ"

"ဘာအကြောင်းလဲဗျ"

"ကျုပ်ငယ်ငယ်က နိုင်ငံရေးကိုအလေးအနက်ထားပြီး လေ့လာခဲ့တယ်ဆိုတာ မှန်တယ်၊ လူငယ်ဘဝ တက်ကြွခဲ့တယ်ဆိုတာလဲ မှန်တယ်။ ငြိမ်ချက်သားကောင်းနေတယ်ဆိုတာလဲ မှန်တယ်။ ကျုပ်အဖေက ပြောခဲ့ဖူးတယ်။ နိုင်ငံရေးသမားတွေဟာ ကျောက်ဆင်းတု ခေါင်းညိတ်သွားအောင် ပြောတတ်ကြတယ်၊ မယုံနဲ့တဲ့။ နိုင်ငံရေးသမားတွေ လှည့်စားတာမခံရအောင် နိုင်ငံရေးကို အလေးအနက်လေ့လာပါလို့ ပြောခဲ့တယ်။ ဒါကြောင့် အဖေ့ကို ကျုပ် ကတိတစ်ခုပေးလိုက်ရတယ်။ တစ်သက်လုံး နိုင်ငံရေးမလုပ်ပါဘူး။ နိုင်ငံရေးသမားမလုပ်ပါဘူးဆိုတဲ့ ကတိပဲ။

"ကျုပ်အဖေဟာ သူ့ဘဝနဲ့ယှဉ်ပြီး ပြောခဲ့တယ်။ သူဟာ တောသူတောင်သား၊ နယ်ချဲ့တော်လှန်ရေးနဲ့ ဖက်ဆစ်တော်လှန်ရေး ကာလကို ဖြတ်သန်းခဲ့ရတယ်။ ပြည်တွင်းစစ်မှာလဲ မြေစာပင်ဖြစ်ခဲ့ရတာပေါ့ဗျာ။ နိုင်ငံရေးသမားတွေ ကျုပ်တို့ရွာရောက်ရင် အနီကတစ်မျိုး၊ အဝါကတစ်ဖုံ၊ အဖြူကတစ်နည်းနဲ့ မစားရဝခမန်း ပြောခဲ့ကြတာ ချည်းပဲ၊ နောက်ဆုံးတော့ ကျုပ်တို့ဘိုးဘွားလက်ထက်က ပိုင်ဆိုင်ခဲ့တဲ့ လယ်မြေ၊ အိမ်ရာ၊ ကျွဲနွား ပစ်ထားခဲ့ပြီး ရွာကို စွန့်ခွာထွက်ပြေးခဲ့ရတယ်၊ အိမ်မီးရှို့၊ လယ်ယာမြေဝေခြမ်း၊ ကျွဲသတ်၊ နွားသတ် စားတော်ခေါ်၊ လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းကျင့်နေတဲ့အရပ်မှာ ဘယ်လိုအသက်ရှင်ရပ်တည်နိုင်ပါ့မလဲဗျာ။ ဒါ ပြည်တွင်းသောင်းကျန်းမှုရဲ့ ဒဏ်ရာဒဏ်ချက်တွေပဲ။

"ပါလီမန်ခေတ်မှာတော့ အဲဒီလူတွေပဲ ခေါင်းပေါင်းစ တလူလူနဲ့ လွှတ်တော်မှာ မင်းမူနေခဲ့ကြပြန်တယ်။ ကျုပ်တို့ ရွာကို လှည့်ကြည့်ဖော် မရပါဘူး။ သူတို့တစ်တွေ ကျုပ်တို့အရပ်မှာ ကြီးစိုးစဉ်က ခိုင်းရာလုပ်၊ စေရာသွား၊ တောင်းတာမှန်သမျှ ပေးခဲ့ရတဲ့ ကျုပ်တို့တောသားတွေကို မျက်နှာချင်းဆိုင်တွေ့ရင်တောင် ဆေးဖော်ကြောဖက်မလုပ်ခဲ့ကြဘူး။ အဲဒါကို အဖေက ရင်အနာဆုံးပဲ။

"ဒါကြောင့် ကျုပ်ကို နိုင်ငံရေးမလုပ်ပါဘူးဆိုတဲ့ ကတိကို တောင်းခဲ့တာပဲ။ နိုင်ငံရေးသမားဆိုတာ အပြောနဲ့အလုပ်က မြဒါးတစ်လမ်း သံတစ်လမ်းပဲ။ ပြောမယုံ ကြုံဖူးမှသိဆိုသလိုပဲ ကြာလေမှန်လေဆိုတာ ကျုပ်လေ့လာရင်းလေ့လာရင်း ယခင်သိထားတာထက် ပိုသိလာတယ်။ ကျုပ်လဲ ကိုယ့်တိုင်းပြည်ရဲ့ဒုက္ခ၊ သုက္ခတွေကို ကိုယ်တိုင်ဖြတ်သန်းခဲ့ပြီးပြီလေ"

"ကောင်းတဲ့ နိုင်ငံရေးသမားတွေလဲ ရှိပါတယ်ဗျာ"

"ရှိတော့ရှိတယ် ရှားတယ်။ ခင်ဗျား သုံးသပ်ကြည့်လေဗျာ။ လွတ်လပ်ရေးကြိုးပမ်းစဉ်က တိုင်းချစ် ပြည်ချစ်စိတ်နဲ့ ကြိုးပမ်းခဲ့ကြတဲ့ သူတွေ ဒီဘက်ပိုင်းမှာ ဘာဖြစ်ခဲ့ကြသလဲ၊ ဆင်စွယ်ရွာမှာ ရွာလုံးကျွတ်လူတွေသတ်ခဲ့တယ်၊ ရိုးမတစ်ကြောမှာ လည်မျိုကို ဝါးရင်းတုတ်နဲ့ မသေမချင်းရိုက်သတ်ခဲ့ကြတယ်၊ ဖြုတ်၊ ထုတ်၊ သတ် ဇာတ်လမ်းတွေ နားမဆံ့အောင် ကြားခဲ့သိခဲ့ရတယ်။ ကိုကြီးနုကော ဘာထူးလဲ။ ပြည်ပြေး အစိုးရဖွဲ့ပြီး တိုင်းပြည်ပုန်ကန်ခဲ့တာပဲမဟုတ်လား။ ဗိုလ်ကျော်ဇောလဲ ဒီလိုပဲ။ ငယ်စဉ်ကတော့ ပြည်တွင်း ငြိမ်းချမ်းရေးကို ကြွေးကြော်ခဲ့လို့ အထင်ကြီးမိတယ်။ အခုဘာလုပ်နေသလဲ။ အခု ၂၀ရာစုထဲရောက်နေပြီ ကျွန်ခေတ်က အတွေးအခေါ်၊ အယူအဆတွေ၊ ကွန်မြူနစ်နဲ့ အရင်းရှင်ဝါဒရေးရာတိုက်ပွဲပြင်းထန်တဲ့ စစ်အေးကာလက အတွေးအခေါ် အယူအဆတွေနဲ့ နောက်ကြောင်းပြန်ဆွဲနေတုန်းပဲ"

"အေးဗျာ - ယခင်က ကျွန်တော်တို့ လေးစားခဲ့တဲ့ ပုဂ္ဂိုလ်အတော်များများဟာ အသက်ကြီးလာရင် နာမည်ပျက်တာ များတယ်"

"မှန်တာပေါ့ဗျာ"

"ဒါနဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ခင်ဗျား ဘယ်လိုမြင်သလဲ"

"အမျိုးသားလွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလရဲ့ ခေါင်းဆောင်၊ တပ်မတော်ဖွဲ့စည်းစဉ်ကာလရဲ့ ခေါင်းဆောင်၊ တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ပေးခဲ့တဲ့ ခေါင်းဆောင်လို့ မြင်တယ်။ ကျုပ် လေးစားတယ်။ ကမ္ဘာမှာကြည့်ရင် သူ့လိုစွန့်လွှတ်စွန့်စားတဲ့ အမျိုးသား ခေါင်းဆောင်တွေ ရှိတယ်။ လေးစားဂုဏ်ယူထိုက်တယ်"

"ဆက်ပြောပါဦး"

"ဗိုလ်ချုပ်ကို ကျုပ်က နိုင်ငံ့လွတ်လပ်ရေးဖခင်ဆိုတာထက် ပုဂ္ဂိုလ်ရေးအရကို လေးစားကြည်ညိုခဲ့တဲ့သူပါ၊ ကျုပ်အပြောအဆိုတွေ ဘုကလန့်မကျခဲ့ဘူးလား။ ကျုပ်အပြုအမူတွေမှာ ယဉ်ကျေးသိမ်မွေ့တာ မြင်ခဲ့တွေ့ခဲ့ဖူးလား။ ကျုပ်သူ့ကို အမြဲအတုယူခဲ့တာပဲ။ လုပ်သင့်တာလုပ်မယ်။ အပိုတွေမပြောဘူး။ တိုင်းပြည်အတွက် အသက်စွန့်သင့်ရင် စွန့်မယ်။ မတွေဝေဘူး။ သူ့ရဲ့တိုင်းချစ်ပြည်ချစ်စိတ်၊ အာဇာနည်စိတ်ဓာတ်တွေ အားကျပြီး အတုယူခဲ့တယ်"

"သူဟာ နိုင်ငံရဲ့ လွတ်လပ်ရေး ဖခင်ပဲ။ သူ့ကြောင့် လွတ်လပ်ရေးရခဲ့တာ မဟုတ်လား"

"ဟုတ်တယ်၊ သူဟာ နိုင်ငံရဲ့ ဖခင်ပဲ။ ဘယ်သူတစ်ဦးတစ်ယောက်မှ မူပိုင်လုပ်လို့ရတဲ့လူ မဟုတ်ဘူး။ သူ့မိသားစုလဲ မပိုင်ဘူး။ ကျုပ်လဲ မပိုင်ဘူး။ နိုင်ငံကပဲပိုင်တယ်။

"တိုင်းပြည်လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ထင်ရှားတဲ့ ခေါင်းဆောင်တစ်ယောက်ဆိုတာ မှန်တယ်။ ဒါပေမယ့် ပြည်သူတွေရဲ့ ကဏ္ဍကိုလည်း မေ့ထားလို့ မရဘူး။ ကျုပ်တို့ အဘိုးတွေ၊ ကျုပ်တို့ အဖေတွေ၊ ပြည်သူ ပြည်သားတွေကလဲ အနစ်နာခံ၊ ဒုက္ခခံ၊ အညှဉ်းပန်းခံ၊ အသေခံပြီး သစ္စာရှိခဲ့ကြ၊ စည်းလုံးခဲ့ကြ၊ အားပေးခဲ့ကြ၊ ပါဝင်ခဲ့ကြတဲ့ ကဏ္ဍကို မေ့ဖျောက်ထားလို့မရဘူး"

"မှန်ပါတယ်၊ မှန်ပါတယ်"

"ကျုပ်အဘိုးတွေ၊ ကျုပ်အဖေတွေ လွတ်လပ်ရေးကြိုးပမ်းစဉ်က မထင်ရှားတဲ့ ဘဝမှာ အနစ်နာခံ ဒုက္ခခံပြီး ပါဝင်ခဲ့တာကို ကျုပ်အနေနဲ့ အခုထိဂုဏ်ယူလို့ မဆုံးသေးဘူး၊ သူတို့ဟာ သာမန်ပြည်သူ ပြည်သားတစ်ယောက်အနေနဲ့ မေ့ပျောက်ခြင်းခံရပြီး ကွယ်လွန်သွားကြပါပြီ။ ဒါပေမယ့် ကျုပ်မမေ့ဘူး၊ သူတို့အပေါ် သစ္စာစောင့်သိတဲ့အနေနဲ့ ကျုပ်တိုင်းပြည်အပေါ် သစ္စာမဖောက်ဘူး။ ပြည်ပအားကိုးပုဆိန်ရိုးမဖြစ်အောင်လဲ ထိန်းသိမ်းတယ်"

"လွတ်လပ်ရေးကြိုးပမ်းစဉ်က ကျွန်တော်တို့ခေါင်းဆောင်တွေ ညီညွတ်ခဲ့ကြတယ်နော်"

"ဒါကတော့ ရှင်းပါတယ်။ လွတ်လပ်ရေးအတွက် ကြိုးပမ်းရတာ ဒုက္ခရောက်မယ်။ ပင်ပန်းဆင်းရဲမယ်။ ဒဏ်ရာအနာတရကြောင့် ဒုက္ခိတဖြစ်မယ်။ အသက်စွန့်ကောင်း စွန့်ရမယ်။ ဘာအခွင့်အရေးမှ မရှိဘူး။ လွတ်လပ်ရေးဟာ ပန်းတိုင်ပဲ။ အခွင့်အရေးနဲ့ အာဏာလုနေတာ မဟုတ်ဘူး"

"လွတ်လပ်ရေးရပြီးတော့ ဘယ်လိုဖြစ်တာလဲ"

"သမိုင်းဖတ်ကြည့်ပေါ့ဗျာ။ နိုင်ငံရေးသမားတွေကြားထဲမှာ အကွဲအပြဲဇာတ်လမ်းဟာ လွတ်လပ်ရေး မရခင်ကရော၊ ရပြီးတော့ရော ရှိခဲ့ကြတယ်။ ရှိနေဆဲပဲ။ ဇာတ်ပေါင်းခန်းကိုမရောက်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"**အာဏာပေါ့ဗျာ၊ အာဏာမက်ကြတာ၊ အာဏာလုကြတာ၊ အာဏာရဲ့နောက်မှာရမယ့် အခွင့်အရေးတွေကို မျှော်ကိုးပြီး လုပ်နေကြတာ၊ နိုင်ငံရေးသမားမဟုတ်ဘူး။ နိုင်ငံရေးလုပ်စားနေတာ။ နိုင်ငံရေးလုပ်စားနေတဲ့ နိုင်ငံရေးသမား အမျိုးမျိုးရှိတယ်**"

"ဘာလဲဗျ။ ခင်ဗျားနဲ့စကားပြောရတာ အထူးအဆန်းတွေချည်းပဲ"

"ကျုပ်အမြင်ပြောတာပါ၊ နိုင်ငံရေးသမားဆိုတဲ့ အဓိပ္ပာယ်ကို ကျမ်းစာအုပ်တွေမှာ အမျိုးမျိုး ရှင်းလင်းဖော်ပြထားပါတယ်၊ ကျုပ်တို့နိုင်ငံမှာတော့ လူအမျိုးမျိုးရှိသလို နိုင်ငံရေးသမား အမျိုးမျိုးရှိတယ်။ ခါတော်မီနိုင်ငံရေးသမား၊ ရွှေကြို နိုင်ငံရေးသမား၊ ပွဲလန့်ဖျာခင်းတဲ့ နိုင်ငံရေးသမား၊ မင်းသား မလုပ်ရလို့ ပတ်မဖောက်တဲ့ နိုင်ငံရေးသမား၊ ဟိုယိမ်းဒီယိမ်း နိုင်ငံရေးသမား၊ အချောင်နှိုက် နိုင်ငံရေးသမား၊ သူရဲကောင်းဖြစ်ချင်တဲ့ နိုင်ငံရေးသမား၊ စတန့်ထွင်ချင်တဲ့ နိုင်ငံရေးသမား၊ ယောင်ဝါးဝါး နိုင်ငံရေးသမား၊ လက်သုပ်စုံနိုင်ငံရေးသမား စသည် စသည်ဖြင့် သူတို့ရဲ့ ဗီဇနဲ့ အကျင့် စရိုက်ပေါ်မူတည်ပြီး အမျိုးမျိုး ခွဲလို့ရတယ်"

"များလှချည်လားဗျာ"

"ဒီထက်ပိုသေးတယ်၊ အာဏာကို ဖြတ်လမ်းကအုပ်ချင်တဲ့ နိုင်ငံရေးသမားနဲ့ ရုပ်သေးရုပ် နိုင်ငံရေးသမားတွေ"

"ဆိုပါဦး"

"မိဘရင်ကို ခြေစုံကန်ပြီး ပြည်ပြေးနိုင်ငံရေးသမား၊ ဝရမ်းပြေး နိုင်ငံရေးသမား၊ ဆွံ့အနားမကြား၊ မျက်မမြင်နိုင်ငံရေးသမား စတာတွေပေါ့ဗျာ"

"ဘာလဲဗျ၊ ဆွံ့အနားမကြား၊ မျက်မမြင် နိုင်ငံရေးသမားဆိုတာ မကြားဖူးပေါင်ဗျာ"

"ဒါကျုပ်ရဲ့ တင်စားပြောတဲ့ နာမဝိသေသနတစ်ခုပါ"

"ဘာလဲဗျ"

"**လိုရင်းပြောချင်တာက လက်ရှိအစိုးရလုပ်နေတဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ၊ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းတွေ၊ ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွေ၊ ဈေးကွက်စီးပွားရေးစနစ်ပီပြင်အောင် အကောင်အထည်ဖော်ရေး လုပ်ငန်းတွေဟာ အရှိတရားတွေပဲ။ အဲဒီ အရှိတရားတွေကို မမြင်တာ ကန်းနေလို့ပေါ့ဗျာ၊ မကြားတာ နားထိုင်းနေလို့ပေါ့၊ ထုတ်ဖော်မပြောတာ အ, နေလို့ပေါ့၊ မရှင်းဘူးလား**"

"မသိလို့များလားဗျာ"

"ဒါဆိုလဲ စိတ်မနှံ့တဲ့ နိုင်ငံရေးသမားလို့ ဆိုရမှာပေါ့"

"ဟာဗျာ-ကိုအောင်က ပြောလိုက်ရင် တဲ့တိုးချည်းပဲ"

"လိုရင်းတိုရှင်းပေါ့ဗျာ"

"ခင်ဗျား ကြည့်ရတာ နိုင်ငံရေးသမားတွေအပေါ် အမြင်မကြည်သလိုပဲ"

"အမြင်ကြည်စရာနိုင်ငံရေးသမားတွေရော ရှိရဲ့လား၊ ပြစမ်းပါ"

"ကျွန်တော်တော့ မပြောတတ်ဘူးဗျာ"

"ပြောလို့ရပါတယ်၊ **နိုင်ငံရေးဆိုတာ တိုင်းပြည်နဲ့ ပြည်သူအကျိုးကိုသာ ရှေးရှု၊ ပြည်သူတွေရဲ့ဘဝ ကုံလုံပြည့်ဝပြီး အေးချမ်းအောင်သာလုပ်၊ မိမိလုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်သေးရင် ဘယ်သူလုပ်လုပ် လုပ်နေတဲ့သူကို အသိအမှတ်ပြု၊ ပူးပေါင်းလုပ်ဆောင်၊ ဝိုင်းဝန်းကူညီ ဒါပါပဲ၊ ကိုယ်ကျိုးမပါ အာဏာမရူးဘဲ ဖြောင့်မတ်ဖြူစင်တဲ့ စိတ်ထားရှိပြီး ပြည်သူအကျိုး သယ်ပိုးသူသာလျှင် နိုင်ငံရေးသမားကောင်းလို့ ဆိုရမှာပဲ**"

"မကောင်းတဲ့ နိုင်ငံရေးသမားကရော"

"ပြောပြီးပြီပဲ၊ နိုင်ငံရေးလုပ်စားတဲ့သူတွေ၊ ကဖျက်ယဖျက်လုပ်တဲ့သူတွေ၊ ရင်းနှီးမြှုပ်နှံမှု မလုပ်ပါနဲ့ ဆိုသူတွေ၊ ကမ္ဘာလှည့် ခရီးသည်များ မလာပါနဲ့ဦးလို့ ပြောနေသူတွေ၊ ပိတ်ပါ၊ ဆို့ပါ၊ ကျဉ်းထဲကျပ်ထဲ ရောက်အောင်လုပ်ပါဆိုသူတွေဟာ တိုင်းပြည်နဲ့ ပြည်သူကို ကောင်းကျိုးပြုနေတာလား၊ ဆိုးကျိုးပြုနေတာလား စဉ်းစားပေါ့ဗျာ"

"ခင်ဗျား သဘောကရော"

"နိုင်ငံရေးသမား ပီသရင် လာမယ့် ရွေးကောက်ပွဲမှာ ဝင်ပြိုင်လေဗျာ၊ နိုင်ငံရေးဟာ ရေတိုမဟုတ်ဘူး၊ ရေရှည်။ ပေါ်ပင်မဟုတ်ဘူး၊ ထာဝရအလုပ်။ သားစဉ်မြေးဆက် လုပ်မြဲ လုပ်နေရတဲ့ လုပ်ငန်းပဲ။ အာဏာရဖို့ မဟုတ်ဘူး၊ ပြည်သူ့အကျိုးကို မျက်ခြည်မပြတ် လုပ်နေရတဲ့ အလုပ်။ အုတ်တစ်ချပ်၊ သဲတစ်ပွင့်တောင် သယ်ဖော်မရဘဲ အပိုတွေ ပြောနေလို့ကတော့ မောရုံပဲ ရှိမယ်"

"ကိုအောင်ရေ ခင်ဗျားနဲ့ စကားပြောရတာ တွေးစရာတွေချည်းပဲ"

"တွေးလေ ကောင်းလေပေါ့ဗျာ။ အတွေးမှာတင် ရပ်မထားဘဲ ဆင်ခြင်ပါ၊ သုံးသပ်ပါ၊ အရှည်ကို မြော်မြင်ပါ။ တွေးခေါ် မြော်မြင် ဆင်ခြင်သုံးသပ်နိုင်လေ နိုင်ငံရေးသမားစကားတွေဟာ အလကားပဲ၊ လေဖမ်း ဒန်းစီးပြီး အမှိုက်ကစ ပြာသာဒ်မီးလောင်အောင် လုပ်နေတယ်ဆိုတာ ခင်ဗျားသိလာမှာပါ။ မိမိကိုယ် မိမိယုံကြည်မှုတွေ ရလာမှာပါ၊ အပြောမကြည့်နဲ့ လက်တွေ့ ကြည့်ပေါ့ဗျာ"

"ကိုအောင် အခုဘာတွေလုပ်နေသလဲ"

"ပြည်သူထဲက ပြည်သူတစ်ယောက်ပဲလေဗျာ။ ကျရာတာဝန်ကို အပြောထက် လက်တွေ့ကျေပွန်အောင် လုပ်နေတယ်"

"ကိုအောင်နဲ့ တွေ့ချင် ဆုံချင်သေးတယ်"

"တွေ့ခွင့်ကြုံရင် ဆုံကြသေးတာပေါ့"

နိုင်ငံရေးဆိုတာ တိုင်းပြည်နဲ့ ပြည်သူအကျိုးကိုသာရှေးရှု၊ ပြည်သူတွေရဲ့ဘဝ ကုံလုံပြည့်ဝပြီး အေးချမ်းအောင်သာလုပ်၊ မိမိလုပ်နိုင်ရင် လုပ်၊ မလုပ်နိုင်သေးရင် ဘယ်သူလုပ်လုပ် လုပ်နေတဲ့သူကို အသိအမှတ်ပြု၊ ပူးပေါင်းလုပ်ဆောင်၊ ဝိုင်းဝန်းကူညီ ဒါပါပဲ၊ ကိုယ်ကျိုးမပါ အာဏာမရူးဘဲ ဖြောင့်မတ်ဖြူစင်တဲ့ စိတ်ထားရှိပြီး ပြည်သူအကျိုး သယ်ပိုးသူသာလျှင် နိုင်ငံရေးသမားကောင်းလို့ ဆိုရမှာပဲ။

➪ ကျောဖုံးမှ

ရှေးဦးစွာ သဘာပတိ၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌတရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး မူကြမ်းရေးဆွဲရေးအဖွဲ့ခေါင်းဆောင်များနှင့် ဒုတိယခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ရေးဆွဲတင်ပြသော အခြေခံဥပဒေမူကြမ်းများအပေါ် အသေးစိတ် ဆွေးနွေးအကြံပြုတင်ပြကြသည်။ ထို့နောက် သဘာပတိ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်နားလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာစိုးရင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ခင်မောင်ညွန့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်မေထွန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ဦးသာလှ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

သရက်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

သရက်အသင်း(ရန်ကုန်)၏ (၃၃) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်လိပ်ကန်အနီးရှိ သစ်လုပ်ငန်းခမ်းမ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များအားလုံးနှင့် သရက်နယ်သူ၊နယ်သားများ ကြွရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲ အတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ စာရင်းကို ဖေဖော်ဝါရီ ၁၀ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန်နှင့် ဆက်သွယ်လူဒါန်းလိုပါက ဒေါ်သက်သက်ဆွေ (ဂုဏ်ထူးဆောင်နာယက) ဖုန်း-၅၇၇၁၂၆၊ ဦးသိန်းဘော် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၇၂၀၈၈၀၊ ဦးလှထူးကျော် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၆၆၂၂၀၇၊ ၀၉၈၀၃၁၈၂၅၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း) သရက် ဖုန်း-၀၆၈ ၂၁၃၇၁၊ ဦးသိန်းရွှေ(ဗဟန်း) ဖုန်း-၅၄၆၉၁၅၊ ဦးလှမြင့်(စမ်းချောင်း) ဖုန်း-၅၁၆၅၀၂၊ ဒေါ်တင်တင်မြင့် ဖုန်း-၂၁၄၁၀၈၊ ဒေါ်မြမိုးနှင်း(အင်းစိန်) ဖုန်း-၆၄၃၆၀၇၊ ဒေါ်မြင့်မြင့် ဖုန်း-၅၄၂၇၂၆၊ ၅၄၅၇၄၃၊ ဦးနေဦး ဖုန်း-၀၉၅၁ ၂၈၄၃၄၊ ဦးခင်မောင်လွင် ဖုန်း-၃၈၉၉၁၇၊ ၀၉၅၁၀၁၀၆၀၊ ဦးစိုးလှမြင့် ဖုန်း-၀၆၈ ၂၁၀၅၈နှင့် ဒေါ်သန်းသန်းဌေး အမှတ်(၃၀၃) (၂/A) ပထမထပ် မဟာဗန္ဓုလလမ်းတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပခုက္ကူမြို့ သာသနစက္ကပဝတ္တက အသင်းကြီး၏ နဝမအကြိမ် သာသနာလင်္ကာရအကျော်စာတော်ပြန်ပွဲကြီး အာဂုံပြန်ဆိုပွဲကို ဖေဖော်ဝါရီ ၁၄ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရေးဖြေကို ဖေဖော်ဝါရီ ၁၆ရက်၊ ၁၇ရက်၊ ၁၈ရက် တို့တွင် ကျင်းပမည်ဖြစ်သည်။ အဋ္ဌမ အကြိမ် စာအောင်ဆုဆက်ကပ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပဲခူးဒီဂရီကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပဲခူးဒီဂရီကောလိပ် မြန်မာစာ ကျောင်းသား၊ ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂ (တောင်သူလယ်သမားနေ့) တွင် ကျင်းပပြီး အငြိမ်းစားယူသွားခဲ့သော ဆရာ၊ ဆရာမ ၁၅ဦးအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ အလှူငွေထည့်ဝင်လိုသူများ ပါမောက္ခ ဒေါက်တာချိုချိုတင့် ဖုန်း-၀၉၅၁၈၂၀၁၈၊ တွဲဖက်ပါမောက္ခ ဒေါ်ရီရီအုန်းသန်း ဖုန်း-၀၅၂-၂၃၉၀၉၊ ဦးစိုးမိုးဝင်း ဖုန်း-၀၉၅၁၀၅၉၇၂၊ ၀၅၂-၂၃၅၆၀၊ ဒေါ်ခင်သန်းဝင်း၊ ဒေါ်အေးအေးစိုး(သင်တန်းရေးရာဌာန) ဖုန်း-၀၅၂-၂၁၀၀၂၊ ကိုဝင်းခိုင် ဖုန်း-၀၅၂-၂၁၉၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (၄၂၈)

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၂)ရန်ကုန် (ဘောင်ဒရီ) တတိယအကြိမ် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

စက်မှုလက်မှု အထက်တန်းကျောင်း အမှတ်(၂)ရန်ကုန် (ဘောင်ဒရီ) T.H.S(2)တွင် ပညာသင်ပေးခဲ့ကြသော ဆရာ၊ ဆရာမများအား တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားများ တွေ့ဆုံပွဲကို မတ် ၂၃ရက်တွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်း ဒက္ခိဏာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆရာ၊ ဆရာမများနှင့် ကျောင်းသားများ တက်ရောက်ကြပါရန်နှင့် အကြံဉာဏ်များ၊ လုပ်အားဒါနပေးလှူလိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဆရာဦးတင်ဝင်း(သင်္ချာ၊ဓာတု) ဖုန်း-၅၀၂၅၇၂၊ မောင်မောင်အေး (74 EP) ဖုန်း-၀၉-၅၁၂၆၆၅၊ ကိုနေအောင် (76 EP) ဖုန်း-၀၉-၅၁၀၆၁၆၂၊ ကိုမောင်မောင်မင်း (72 EP) ဖုန်း-၀၉-၅၁၅၆၀၇၀၊ ကိုခင်ဆွေ (73 R) ဖုန်း-၀၉-၅၁၆၇၄၆၀၊ ကိုသန်းအောင် မိုး (91 W) ဖုန်း-၀၉-၉၈၂၅၃၅၃၊ ကိုကျော်မြင့် (90 R) ဖုန်း-၀၉-၅၁၁၅၃၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

သာသနာဒီပသဲအင်းဂူ မဟာပဋ္ဌာန်းရွတ်ဖတ်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်း စတင်တည်ထောင်ခဲ့သော မူလပထမ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသာဂရ ဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည့် (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်နှင့် မဟာပဋ္ဌာန်းမြတ်ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို လက်ရှိ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသီရိန္ဒမှ ဦးဆောင်ကြီးမှူး၍ ၁၃၆၉ခုနှစ် ပြာသိုလကွယ်နေ့မှ တပို့တွဲလဆန်း ၄ရက်ထိ ဖေဖော်ဝါရီ ၆ရက် (ဗုဒ္ဓဟူးနေ့)မှ ၁၀ရက်(တနင်္ဂနွေနေ့)အထိ ခုနစ်ရက်တိုင်တိုင်ကျင်းပမည်ဖြစ်ပါ၍ ဆရာတော်ကြီး၏ ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ သီလရှင်နှင့် ဓမ္မယောဂီအပေါင်းတို့အား ပင့်ဖိတ်အသိပေးနှိုးဆော်ထားသည်ဟု သိရသည်။ (က-ပ)

ရွှေဘုန်းပွင့်စေတီလမ်းအတွက် လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း လှည်းကူးမြို့မှ ကံ့ကော်ကျွန်း တောရရိပ်သာကျောင်းတိုက်ရှိ သမိုင်းဝင် ရွှေဘုန်းပွင့်စေတီသို့ နှစ်မိုင်ရှိသော မြေသားလမ်းကို ဂဝံကျောက်ခင်းလျက်ရှိရာ လှူဒါန်းလိုပါက ဦးအံ့ကူး ဖုန်း-၀၉၅၀၀၁၀၈၀၊ ဦးဌေးလွင်-ဒေါ်စန်းစန်းထွေး ဖုန်း-၆၂၉၇၇၆နှင့် ဦးမြဝိတ်-ဒေါ်ကျင်အေး ဖုန်း-၆၂၉၂၉၂ တို့သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

တောင်ကြီးကောလိပ်နှင့် ဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

တောင်ကြီးကောလိပ်နှင့် ဒေသကောလိပ်တွင် ၁၉၇၅-၇၆ခုနှစ်မှ ၁၉၈၂-၈၃ခုနှစ်အထိ တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ် ၃၀ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် တောင်ကြီးတက္ကသိုလ် ခမ်းမ၌ ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

လှူဒါန်းလိုသူများအနေဖြင့် တောင်ကြီးမြို့တွင် ဦးစံလင်း ဖုန်း-၀၈၁၂၁၉၉၆၊ ဒေါ်ဝင်းဝင်းသော် ဖုန်း-၀၈၁၂၁၄၀၇၊ ဦးဝင်းလွင်ဦး ဖုန်း- ၀၉၅၁၇၄၄၄၇၊ ဦးခင်မောင်ရွှေ(ကိုရွှေရိုး)၊ ဦးကျော်မြင့်ဌေး ဖုန်း-၀၈၁၂၂၈၀၇၊ ဒေါ်အေးအေးမြင့် ဖုန်း-၀၉၅၁၁၀၇၈၇၊ ဒေါ်မူမူသိန်း ဖုန်း-၀၈၁၂၁၉၃၇၊ ဒေါ်ဝါဝါကြည် ဖုန်း-၀၈၁၂၁၀၃၃၊ ဒေါ်မိုးမိုးအေး ဖုန်း-၀၈၁၂၁၄၀၀၊ ရန်ကုန်မြို့တွင် ဦးထွန်းမြင့်လော၊ ဒေါ်ခင်လတ်ထွန်း ဖုန်း-၂၁၀၃၉၃၊ ဒေါ်မိမိအောင် ဖုန်း-၀၉၉၀၅၀၆၆၈၊ ဒေါ်ခင်သူသူမင်း ဖုန်း-၀၉၅၀၀၈၆၆၉၊ စိုင်းမျိုးနိုင် ဖုန်း-၀၉၉၉၂၅၂၃၇၊ ဒေါ်မြဥမ္မာကျော်(ပီးပီး) ဖုန်း-၂၉၃၅၈၄၊ မန္တလေးမြို့တွင် ဒေါ်နန်းခင်မေ၊ ဒေါ်နန်းနွမ်းခမ်း ဖုန်း-၀၂၃၁၅၅၆၊ ၀၂၆၃၅၈၀နှင့် ဒေါ်နန်းမိမိစံ ဖုန်း-၀၂၆၄၇၄၇ လိုင်းခွဲ (၅၃၁၈)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"အပေါင်းမှန်ကြပါစေ"တရားတော် [ဆရာတော် အရှင်ပဏ္ဍဝံသ(တွံတေး)]
၈:၀၀-၂:၀၀	၂၀၀၅ခုနှစ် အကယ်ဒမီညမြင်ကွင်းများ (အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု)
၈:၂၅-၂:၂၅	တေးဂီတအစီအစဉ်
၈:၃၀-၂:၃၀	Sunday Talk
၉:၃၅-၃:၃၅	ပြည်တွင်းသတင်းအကျဉ်း
၉:၄၅-၃:၄၅	သေသပ်လှပအနားနှစ်ဖက်ပတ်တီးစ
၁၀:၀၀-၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅-၄:၀၅	"စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး"(ပန်းဂေါ်ဖီပင်စိုက်ပျိုးနည်း)
၁၀:၂၀-၄:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅-၄:၂၅	ဖွံ့ဖြိုးဝေဆာလပွတ္တာ
၁၀:၃၅-၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀-၄:၄၀	Biz Net
၁၀:၅၅-၄:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀-၅:၀၀	ငြိတွယ်ရင်ထဲရနံ့စွဲ
၁၁:၁၅-၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	ဂုန်လျှော်စိုက်ပျိုးရေးအတွက်အချိန်ကာလအလိုက် ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများ
၁၁:၄၅-၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅-၅:၅၅	လှပသစ်ဆန်းအလှပြင်ခန်း (Betty Boop Beauty Saloon)
၁၂:၁၅-၆:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀-၆:၂၀	အနာကြီးရောဂါကင်းဝေးရေးဆိုင်ရာဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ဒေါက်တာကျော်မြင့်)
၁၂:၃၅-၆:၃၅	Music Gallery (အကြောင်းပြချက်မရှိ)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ် (ကလေး) သုံးထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

စစ်ကိုင်းတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကလေးခရိုင်နှင့် ကလေးမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ကလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ကလေး)၊ ကွန်ပျူတာတက္ကသိုလ်(ကလေး)နှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က နည်းပညာတက္ကသိုလ် (ကလေး) သုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အင်္ဂလိပ်ဘာသာဖြင့် စကားရည်လုပြိုင်ပွဲ၌ ဒုတိယဆုရ B.E (Electronics) မှ မောင်လျန်မွန်ထန်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများနှင့် အတူ သုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ခရေပင်ကို စိုက်ပျိုးပေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ပိတောက်၊ ကံ့ကော်၊ သပြေနှင့် ပုန်းညက်ပင်များကို စိုက်ပျိုးပေးကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်းပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သုံးထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် သုံးထပ်ကျောင်းဆောင်သစ်၏ Main Lobby ၌ ဖွင့်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပေါက်ဖွားမှုကို သက်သေတည်ဖော်ညွှန်းသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးနည်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ကြီးကို ယနေ့ ခမ်းခမ်းနားနား၊ မင်္ဂလာရှိရှိ ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း။

ကလေးဒေသသည် စစ်ကိုင်းတိုင်းအတွင်း၌ အကျုံးဝင်လျက်ရှိသော်လည်း ချင်းပြည်နယ်မြောက်ပိုင်း၏ အဝင်အထွက် အဓိကတံခါးဝအဖြစ် တည်ရှိနေသည့်အတွက် ကလေးဒေသ၏ ဖွံ့ဖြိုးစည်ပင်ဝပြောမှုသည် စစ်ကိုင်းတိုင်းနှင့်ရော ချင်းပြည်နယ်နှင့်ပါ အဘက်ဘက်မှ ဆက်စပ်လျက်ရှိကြောင်း၊ ထို့အပြင် တစ်ဖက်အိမ်နီးချင်းနိုင်ငံနှင့် နီးကပ်စွာ တည်ရှိနေပြန်သည့်အတွက် နယ်စပ်ဒေသ ကုန်သွယ်ရောင်းဝယ်မှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်သွယ်မှုတို့အတွက်ပါ အရေးပါသည့် အချက်အချာဒေသဖြစ်ကြောင်း။

လက်တွေ့ရရှိခံစားနေရ

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် ကလေးဒေသကို နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသ (၂၄)ခုထဲတွင် ထည့်သွင်းသတ်မှတ်ပြီး ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်သည့်ဒေသဖြစ်အောင် အစီအမံရှိရှိ ကြိုးပမ်းတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသ အစီအစဉ်တွင် အကျုံးဝင်သည့် ကလေးဒေသသည် တစ်ဖက်မှလည်း နယ်စပ်ဒေသပတ်ဝန်းကျင်နှင့် ဆက်စပ်နေပြန်သည့်အတွက် နိုင်ငံတော်၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၏ အကျိုးပြုမှုကို လက်တွေ့ရရှိခံစားနေရသည့် ဒေသလည်းဖြစ်ကြောင်း။

ယခင်က သွားရေးလာရေးခက်ခဲသည့် ဝေးလံခေါင်သီသော ဒေသဖြစ်ခဲ့သော်လည်း ယနေ့ဆိုလျှင် မိုင် ၂၅၀ ကျော်ရှိသည့် ကလေး-ဂန့်ဂေါ-ပခုက္ကူ-ချောင်းဦး ရထားလမ်းကြောင်းသစ်ကို ၁၉၉၇ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခြင်း၊ ကလေး-ဂန့်ဂေါ ကားလမ်းနှင့် ကလေး-ကလေးဝ-ယာကြီး-မုံရွာ ကားလမ်းသစ်များ ဖောက်လုပ်နိုင်ခြင်း၊ တမူး-ကလေး-ကလေးဝ ကားလမ်းကို အဆင့်မြှင့်ခြင်း၊ ကလေးလေဆိပ်ကို အဆင့်မြှင့် ပြုပြင်ပေးခြင်းတို့ကြောင့် ကလေးဒေသသည် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့်ရော ကျန်ပြည်နယ်၊ တိုင်းများနှင့်ပါ ကားလမ်း၊ ရထားလမ်း၊ လေကြောင်းလမ်းတို့ဖြင့် လွယ်ကူမြန်ဆန်စွာ သွားလာဆက်ဆံနိုင်ပြီး ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများသည်လည်း တစ်စထက်တစ်စ တိုးတက်လာလျက်ရှိသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူမြန်ဆန်သည်နှင့်အမျှ နယ်မြေဒေသတည်ငြိမ်အေးချမ်း သာယာသည်နှင့်အမျှ ကလေးဒေသသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုး လာလျက်ရှိကြောင်း၊ အနာဂတ်နှင့်ယှဉ်ပြောလျှင် နောင်တွင်လည်း ဆက်လက်ဖွံ့ဖြိုးစည်ပင်လာဦးမှာ သေချာလျက်ရှိကြောင်း။

ယခုဆိုလျှင် နည်းပညာတက္ကသိုလ်နှင့်ယှဉ်တွဲပြီး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့သည် ကလေးဒေသ၌ ဝင့်ဝင့်ကြွားကြွား တည်ရှိနေပြီဖြစ်သည့်အတွက် ချင်းပြည်နယ်နှင့် ကလေးဒေသမှ ကျောင်းသားလူငယ်များသည် အဆင့်မြင့်ပညာများကို လက်လှမ်းတမီ လွယ်ကူစွာ ဆက်လက်သင်ယူနိုင်ပြီဖြစ်ကြောင်း၊ ဒေသအတွင်း၌ပင် ပညာတတ်လူ့အရင်းအမြစ်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ကြပြီဖြစ်ကြောင်း။

အဆင့်မြင့် ကျန်းမာရေးစောင့်ရှောက်မှုပြုနိုင်ရန်အတွက် ကလေးမြို့၌ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးကို ထူထောင်ထားပြီးလည်းဖြစ်ကြောင်း၊ ယနေ့ကလေးမြို့ အထူးကုဆေးရုံကြီး၌ ဒေသခံပြည်သူများအပြင် ချင်းတောင်တန်းမှ တိုင်းရင်းသားများပါ တက်ရောက်ကုသနေသည့်အတွက် အောင်မြင်သည့် ဆေးရုံကြီးလည်းဖြစ်နေပြီဖြစ်ကြောင်း။

မရပ်မနားလုပ်ကိုင်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် မဖွံ့ဖြိုးမတိုးတက်သေးသည့် ပြည်နယ်/တိုင်းများ ဖွံ့ဖြိုးလာအောင်၊ နယ်မြေဒေသတစ်ခုနှင့်တစ်ခုအကြား စီးပွားရေးကွာဟမှု၊ လူမှုရေးကွာဟမှုများ လျော့နည်းကျဆင်းလာပြီး တိုင်းရင်းသားအားလုံး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရမည်ဆိုသည့် ခံယူချက်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မရပ်မနား လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

ဤနေရာတွင် ကမ္ဘာ့နိုင်ငံတိုင်းသည် ခေတ်မီတိုးတက်ရန်အတွက် မိမိနိုင်ငံ၊ မိမိလူမျိုးများ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် အပြိုင်အဆိုင်ယှဉ်ပြိုင်လုပ်ကိုင်ကြရာတွင် ပညာရေးသည် နိုင်ငံနှင့် လူမျိုး၏ရှင်သန်မှုကို ဖော်ဆောင်နိုင်စွမ်းရှိသည့် အရင်းခံအကြောင်းတရားဖြစ်သည်ဟု ခံယူလာကြကြောင်း။

လက်တွေ့တွင်လည်း သိပ္ပံနှင့်နည်းပညာတိုးတက်မှုကြောင့် ယနေ့ကမ္ဘာသည် မနက်ဖြန် ကမ္ဘာအဖြစ် မြန်မြန်ဆန်ဆန်ဆက်စပ်ပြီး ပြောင်းလဲတိုးတက်လျက်ရှိကြောင်း၊ ပြောင်းလဲတိုးတက်မှုများသည် အလွန်မြန်ဆန်နေသည့်အတွက် ယနေ့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူများ၏ လူနေမှုဘဝပြည့်စုံတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရာတွင် အရည်အသွေး၊ အဆင့်အတန်းမြင့်မားသည့် ပညာတတ်လူ့အရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်လာကြောင်း။

ဤလိုအပ်ချက်သည်လည်း တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် လိုအပ်ချက်ဖြစ်သည့်အပြင် ဤပညာတတ်များကိုလည်း ပညာရေးကပင် ပြုစုပျိုးထောင် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ ရေးဆွဲ ချမှတ် အကောင်အထည်ဖော်လာရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အချက်အချာကျသောဒေသများ၌ ပညာတတ်လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်၊ ကောလိပ်များကို ယခုကဲ့သို့ တိုးချဲ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက **“ပညာရေးဆိုတာ နှစ်ရှည် အချိန်ယူအကောင်အထည်ဖော်ရမည့် လုပ်ငန်းကြီးဖြစ်တဲ့အတွက် နှစ်(၃၀) နှစ်ရှည်စီမံကိန်းကြီး ရေးဆွဲအကောင်အထည်ဖော်ဖို့လိုတယ်”၊ “လူမျိုးတစ်မျိုးတိုးတက်ဖွံ့ဖြိုးရန်အတွက် ပညာရေးဟာ အခြေခံအကျဆုံးဖြစ်တယ်”**ဟု လမ်းညွှန်မှုပေးပြီး တက္ကသိုလ်၊ ကောလိပ်များ၌ ယခုကဲ့သို့ လိုက်လျောညီညွတ်သည့် အဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ သင်ကြားမှုကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ သင်ရိုးညွှန်းတမ်းများကို ခေတ်မီအောင်ပြုစုခြင်း၊ ဆရာများ၏ အရည်အသွေးမြှင့်တင်ခြင်း စသည်တို့ ဆောင်ရွက်ပေးခြင်းများကို အဆင့်လိုက် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို ကိုယ့်အင်ကိုယ့်အားဖြင့် တစ်ခုပြီးတစ်ခု တည်ဆောက်ပေးနိုင်ခြင်းသည် နိုင်ငံတော်၏

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့ နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်မြင်လာသ
တစ်ချိန်တည်းမှာလည်း နိုင်ငံတော်၏ စီး
အောင်မြင်အောင် စီးပွားရေးအခြေခံ အ
တည်ဆောက်လျက်ရှိကြောင်း။

ကလေးဒေသပါဝင်သည့် စစ်ကိ
စပါးကျီအဖြစ် ခိုင်ခိုင်မာမာ ရပ်တ
ဆည်တမံများ၊ မြစ်ရေတင် စခန်းများ၊
ရင်းနှီးထူထောင်ပေးလျက်ရှိကြောင်း၊
ဝက်ရူးဆည်၊ သနန်ဆည်၊ သပြေဆည်၊
အပြင် မဏိပူရရေလှောင်တမံနှင့် ရာဇ
များကို တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ
တက္ကသိုလ်(ကလေး) သုံးထပ်ကျောင
အဖြစ် ခရေပင်ကို စိုက်ပျိုးပေးစဉ်။

ထို့ကြောင့် စစ်ကိုင်းတိုင်း၏ စပါ
သန်းကျော်မှ ယခုအခါ ၂ ဒသမ ၃ သန်း
ဖြစ်ကြောင်း၊ ဆန်စပါးထွက်ရှိမှုသည်
ခန့် ပိုလျှံနေပြီဖြစ်ကြောင်း။

နိုင်ငံတော်က ကြိုးစားပမ်းစား
ယခုကဲ့သို့သော စီးပွားရေး၊ လူမှုရေး
အခြေခံကောင်းများကို အကျိုးရှိရှိ၊ ထိ
တိုင်း၏ လူမှုစီးပွားရေး အခြေအနေကို
အောင် ကြိုးစားအားထုတ်ရန် လိုအ
ကြိုးစားအားထုတ်သမျှ ဖွံ့ဖြိုးတိုးတက်နိုင်
ပြည့်စုံပြီးဖြစ်ကြောင်း၊ ရေအားလျှပ်စ

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်မြင်လာသည့် အတွက်ကြောင့်လည်းဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာလည်း နိုင်ငံတော်၏ စီးပွားရေးတိုးတက်သည်ထက် တိုးတက်အောင်မြင်အောင် စီးပွားရေးအခြေခံ အဆောက်အအုံများကို ရင်းနှီးမတည်တည်ဆောက်လျက်ရှိကြောင်း။

ကလေးဒေသပါဝင်သည့် စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လာနိုင်ရန်အတွက် လိုအပ်သည့် ဆည်တမံများ၊ မြစ်ရေတင် စခန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို ရင်းနှီးထူထောင်ပေးလျက်ရှိကြောင်း၊ ကလေးဒေသတွင် စေတီဆည်၊ ဝက်ရှူဆည်၊ သနန်ဆည်၊ သပြေဆည်၊ ဆည်ကြီးဆည် စသည့်ရေလွှဲဆည်များအပြင် မဏိပူရရေလှောင်တမံနှင့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းများကို တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ထို့ကြောင့် စစ်ကိုင်းတိုင်း၏ စပါးစိုက်ဧကသည် ယခင်က ၁ ဒသမ ၂ သန်းကျော်မှ ယခုအခါ ၂ ဒသမ ၃ သန်းနီးပါးခန့်အထိ တိုးတက်စိုက်ပျိုးလာပြီဖြစ်ကြောင်း၊ ဆန်စပါးထွက်ရှိမှုသည် ဒေသစားသုံးရန်အပြင် တင်းသိန်း ၈၀၀ ခန့် ပိုလျှံနေပြီဖြစ်ကြောင်း။

နိုင်ငံတော်က ကြိုးစားပမ်းစား ရင်းနှီးတည်ဆောက်ပေးထားသည့် ယခုကဲ့သို့သော စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများကို အကျိုးရှိရှိ၊ ထိထိရောက်ရောက် အသုံးချပြီး စစ်ကိုင်းတိုင်း၏ လူမှုစီးပွားရေး အခြေအနေကို တစ်နှစ်ထက်တစ်နှစ် တိုးတက်နေအောင် ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း၊ ကြိုးစားအားထုတ်လျှင် ကြိုးစားအားထုတ်သမျှ ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေခံများသည် စစ်ကိုင်းတိုင်း၌ ပြည့်စုံပြီးဖြစ်ကြောင်း၊ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များသည်လည်း ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်၌ တည်ရှိနေသည့်အတွက် ချင်းတွင်းမြစ်ဝှမ်းလျှပ်စစ်ဖွံ့ဖြိုးရေး စီမံကိန်းများ တည်ဆောက်ပြီးစီးသွားမည်ဆိုလျှင် စစ်ကိုင်းတိုင်း၏ ကုန်ထုတ်လုပ်မှုရော လူနေမှုအဆင့်အတန်းပါ ထပ်ဆင့်မြင့်တက်သွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းအနေဖြင့် စစ်ကိုင်းတိုင်းကဲ့သို့ သဘာဝအခြေခံပြည့်စုံသည့် ပြည်နယ်၊ တိုင်းရော မပြည့်စုံသည့် ပြည်နယ်၊ တိုင်းများပါ တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာရန် အားထုတ်လုပ်ကိုင်ပေးလျက်ရှိကြောင်း၊ နောင်လာနောက်သား နိုင်ငံသားများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍအလိုက် အခြေခံ အမွေခံကောင်းများကို လက်ဆင့်ကမ်းပေးနိုင်အောင် ရည်မှန်းချက် မြင့်မြင့်မားမားထားပြီး ကြိုးပမ်းနေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ ကောင်းစားရေး၊ ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ရေးအတွက် ရည်မှန်းချက်ထားပြီး စေတနာသန့်သန့်ဖြင့် မနားမနေကြိုးပမ်းနေခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော်ကြီးကို ဘက်စုံမှ ပြုပြင်တည်ဆောက်နေချိန်တွင် ပယောဂများနှင့်ယှဉ်ပြီး နိုင်ငံကြီးအချို့က နည်းလမ်းမျိုးစုံသုံးပြီး နိုင်ငံရေးအရ ဖိအားပေးမှု၊ သံတမန်ရေးအရ စွပ်စွဲလုပ်ကြံမှု၊ စီးပွားရေးနှင့် ဘဏ္ဍာရေးအရ ပိတ်ပင်ကန့်သတ်မှုများဖြင့် အကျပ်ကိုင် လုပ်ဆောင်လျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့ကြရမည်ဖြစ်ကြောင်း။

တစ်ပြိုင်တည်းကြိုးစားကြရမည်ဖြစ်

ယင်းသို့သော အခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံသားအားလုံးသည် ကိုယ့်ခွန်ကိုယ့်အားကို အခြေပြုပြီး နိုင်ငံတော်ကြီးကို ဆတက်ထမ်းပိုး တိုးတက်အောင်၊ မိမိတို့၏နယ်မြေဒေသ အရှိန်အဟုန်ဖြင့် ခိုင်ခိုင်မာမာ ဖွံ့ဖြိုးအောင် ညီညီညွတ်ညွတ် ဆက်လက်အားထည့် အလုပ်လုပ်သွားကြရမည် ဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ်(ကလေး)နှင့် အခြားတက္ကသိုလ်များကလည်း နိုင်ငံတော်နှင့် ဒေသကိုအကျိုးပြုမည့် အသိပညာ၊ အတတ်ပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ပြည်ထောင်စုကြီးကို မြတ်နိုးတွယ်တာ ကာကွယ်စောင့်ရှောက်မည့် ပညာတတ်များ မွေးထုတ်ပေးနိုင်အောင် တစ်ပြိုင်တည်း ကြိုးစားကြရမည်ဖြစ်ကြောင်း။

ဤနေရာတွင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်မူနှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ဦးထမ်းပဲ့ထမ်း ညီညွတ်စွာ ပူးပေါင်းအားထုတ်လုပ်ကိုင် ဆောင်ရွက်သွားကြရန် အမှန်လိုအပ်ကြောင်းကို ပြောကြားလိုကြောင်း။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်အရ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး နိုင်ငံတော်သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲနေသည့်အဆင့်ကို ယခုအခါ ရောက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံသားများ၏ ပညာအရည်အသွေး မြင့်မားတိုးတက်မှသာ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်အားရှိပြီး မိမိတို့နှင့် ထိုက်တန်သည့် ဒီမိုကရေစီလူနေမှုဘဝကို မှန်မှန်ကန်ကန် ရွေးချယ်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်လိုအပ်သည့် အသိပညာများ၊ နည်းပညာများ၊ ဗဟုသုတများ၊ စဉ်းစားဆင်ခြင်နိုင်အားများကို ပညာရေးကသာ ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း၊ ယနေ့ချမှတ်ထားသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ဤသို့ အသိပညာ ဆင်ခြင်မှုများနှင့်ယှဉ်ပြီး ပြည့်စုံစွာ အောင်မြင်အောင် ဆက်လက်ပူးပေါင်း အကောင်အထည် ဖော်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင်လည်းကောင်း၊ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရာတွင်လည်းကောင်း လိုအပ်နေသည့် အရည်အချင်းမြင့်မားသော လူ့အရင်းအမြစ် ပညာတတ်များ ပေါ်ထွက်လာအောင်၊ ထို့အပြင် မိမိတို့နှင့် ထိစပ်နေသည့် ပြည်သူများ၏ ပညာရည် မြင့်မားလာအောင် နည်းပညာတက္ကသိုလ်(ကလေး)က ထူးထူးချွန်ချွန် ပူးပေါင်းအားထုတ်ကြိုးစားကြပါဟု မှာကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး ဒေါက်တာဘုန်းကျော်က နည်းပညာတက္ကသိုလ် (ကလေး)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် B.Tech (Second Year) ကျောင်းသား မောင်မန်နောလ်က ကလေးဒေသ၌ နည်းပညာတက္ကသိုလ်(ကလေး) ဖွင့်လှစ်ပေးခြင်းအတွက် နိုင်ငံတော်အား ကျေးဇူးတင်ဝမ်းမြောက်စကားကို အင်္ဂလိပ်ဘာသာဖြင့် တင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အင်္ဂလိပ်ဘာသာဖြင့် စကားရည်လုပြိုင်ပွဲ၌ ပထမဆုရ B.Tech ဒုတိယနှစ်မှ မောင်မန်နောလ်၊ ဒုတိယဆုရ B.E (Electronics) မှ မောင်လျန်မွန်ထန်၊ တတိယဆုရ A.G.T.I ဒုတိယနှစ် (Civil) မှ မောင်ဇင်မင်းဦး တို့အားလည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုရ B.E (Electronics)မှ မရဝေမိုးမြင့်၊ ဒုတိယဆုရ A.G.T.I ပထမနှစ် (Civil)မှ မခင်စန္ဒာ၊ တတိယဆုရ A.G.T.I ဒုတိယနှစ် (Electrical Power)မှ မဝင်းစန္ဒာကျော်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က နည်းပညာတက္ကသိုလ်(ကလေး)အတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ကြီး ဒေါက်တာဘုန်းကျော်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သုံးထပ်ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများ၊ ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နည်းပညာ တက္ကသိုလ်(ကလေး)ကို ကလေးမြို့တောင်ဘက် ငါးမိုင်ခန့်အကွာ ကလေး-ဂန့်ဂေါကားလမ်းဘေး၌ တည်ဆောက်ထားသည်။

၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် အစိုးရစက်မှုလက်မှုသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၁ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် အစိုးရနည်းပညာ ကောလိပ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ နည်းပညာတက္ကသိုလ်အဖြစ် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် သုံးထပ်ကျောင်းဆောင်သစ်မှာ အလျား ၅၁၃ ပေ၊ အနံ ၃၅၈ ပေရှိသည်။ ကျောင်းဆောင်သစ်၌ ပေ ၄၀ × ၃၀ ရှိ စာသင်ခန်း ၃၈ ခန်း၊ ရုံးခန်း သုံးခန်း၊ စာကြည့်တိုက်တစ်ခန်းတို့ ပါရှိသည်။ ထို့အပြင် Main Lobby နှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။

နည်းပညာ တက္ကသိုလ်(ကလေး)မှ မြို့ပြအင်ဂျင်နီယာသင်တန်း၊ အီလက်ထရွန်နစ် အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအားသင်တန်း၊ စက်မှုစွမ်းအားသင်တန်း၊ CNC သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ နည်းပညာတက္ကသိုလ်(ကလေး)မှ ပါရဂူဘွဲ့ ရရှိသူအပါအဝင် အင်ဂျင်နီယာပညာရှင်များကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၀၈ (အင်္ဂါနေ့)

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၄)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	အဆိုပြိုင်ပွဲ
၈:၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈:၁၀	၈။	ယာကြီးရေထိန်းတမံ
၈:၁၅	၉။	(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၁၀။	International News.
၈:၄၅	၁၁။	Let's Go.
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားရေးပညာ)
၄:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၀၀	၅။	(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၁၅	၆။	ဆိုကြမယ်၊ ပျော်ကြမယ်
၅:၅၀	၇။	(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀	၈။	ညနေခင်းသတင်း
၆:၃၀	၉။	မိုးလေဝသအခြေအနေ
၆:၅၅	၁၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေ ချစ်သက်တည်" (အပိုင်း-၂၁)**
၇:၄၀	၁၁။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု) (ကချင်ပြည်နယ်)
၈:၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျဉ်းပြိုင်" (အပိုင်း-၁)**
	၁၆။	နောက်တစ်နေ့အစီအစဉ်
	၁၇။	အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ်တွင် အသင်းဝင်များနှင့် တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဖေဖော်ဝါရီ ၂ရက်တွင် စစ်တွေမြို့ရှိ ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၌ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ယင်းနောက် မြို့နယ်အသင်း အတွင်းရေးမှူးများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ပြောကြား

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်းများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လုံချည်များကို ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းများအတွက် အသင်းလုံချည်များ ပေးအပ်စဉ်။ (ပို့ဆောင်ရေး)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းနေ မိဘများကို အမှူးထား၍ သမီး မပွင့်က အလှူငွေကျပ် ၂၅၀၀၀၀ ခန့်ရှိ ရွှေ(၈)ပဲသား လက်ကောက်တစ်ကွင်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် သီဟသုဓမ္မဇောတဓရ ဦးစိုးသိမ်း လက်ခံယူစဉ်။ (က-ပ)

ရန်ကင်း ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း အလှူငွေအဖြစ် မင်္ဂလာဒုံ ၂(ခ)ရပ်ကွက် ဗိုလ်ရွဲလမ်းနေ ဦးတင်အေး-ဒေါ်စန်းရီ (မိုးကြယ်စင်-ကုမ္ပဏီ) မိသားစုက ငွေကျပ်ငါးသိန်း လှူဒါန်းရာ ပွင့်လန်းစားသောက်ဆိုင် ဦးမြင့်စိုးက ဆရာတော်ရှေ့မှောက်၌ လက်ခံစဉ်။ (၅၃၅)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ယမန်နေ့နံနက်ပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုးကြောင်ကလေး ဂြိုဟ်တုဆက်သွယ်ရေးစခန်းသို့ ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား တာဝန်ရှိသူများက ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ပြည်တွင်း၊ ပြည်ပ ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက် ကောင်းမွန်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် သန်လျင်ဂြိုဟ်တု ဆက်သွယ်ရေးစခန်းသို့ ရောက်ရှိပြီး သန်လျင်၊ ကျောက်တန်း ခရမ်းနှင့် သုံးခွမြို့နယ်များမှ တယ်လီဖုန်း၊ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် သန်လျင်မြို့ ဂြိုဟ်တုဆက်သွယ်ရေးစခန်း၌ဆက်သွယ်ရေး ဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုးကြောင်ကလေး ဂြိုဟ်တု ဆက်သွယ်ရေး စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

လှိုင်မြို့နယ် (၁၁)ရပ်ကွက် ဆွမ်းအောင်ပွဲ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၄

လှိုင်မြို့နယ် အမှတ်(၁၁) ရပ်ကွက်၊ သဟပုညကာရီ သံဃဒါန ဝါတွင်းဝါပတနင်္လာ ဆွမ်းလောင်းအသင်းက ကြီးမှူး ကျင်းပသောဆဋ္ဌမအကြိမ် ဆွမ်းအောင်ပွဲ ဓမ္မသဘင်ကို အမှတ်(၁၁)ရပ်ကွက် ရွှေဟင်္သာ ဘောလုံးကွင်း၌ ညစဉ် ၇ နာရီမှစ၍ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၅ ရက် (အင်္ဂါနေ့)တွင် အရှင်ကုသလ ဘုန်းတော်ပြည့် ဆရာတော်၊ ၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် အရှင်အရဝိန္ဒာဘိဝံသ(ရွှေလင်းယုန်)၊ ၇ ရက် (ကြာသပတေးနေ့)တွင် အရှင်အာစာရာလင်္ကာရ(စစ်ကိုင်း-ရွှေဟင်္သာ) ဆရာတော်တို့က တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၁၅	၈။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့သူရဲကောင်း" (အပိုင်း-၃၃)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မွေးမြူသုတ
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိမ်းငှက်သူရဲကောင်း" (ဒုတိယတွဲ) (အပိုင်း-၂၉)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

ပူဇော်ပွဲအကြို တရားတော်များ ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

အဘိဓဇ မဟာရဋ္ဌဂုရု၊ တွံ့ဖက် ရွှေကျင်သာသနာပိုင်၊ ကျမ်းပြုအကျော် သပြေကန် ဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌာ ဘိဝံသ ပျံလွန်တော်မူသည့် (၁၃)နှစ်မြောက် ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲကို ဆရာတော်ကြီးသီတင်းသုံးတော်မူခဲ့သည့် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၌ တပို့တွဲလဆန်း၆ရက်(ဖေဖော်ဝါရီ ၁၂ရက်) နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲအကြို ညချမ်းဓမ္မပူဇာအဖြစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဘဒ္ဒန္တ ဂုဏိန္ဒ (ဆင်ဖြူတောင်ဆရာတော်)သာကေတ၊ ၆ရက်တွင် ဘဒ္ဒန္တ အင်္ဂီသဒီဃနိကာယ ကောဝိဒ(ပါဠိကာရီ)သာကေတ၊ ၇ရက်တွင် တိပိဋကဓရ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယော)ဆရာတော်၊ ၈ ရက်တွင် ဘဒ္ဒန္တ ခေမာစာရ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၊ ၉ ရက်တွင် ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒ (မဇ္ဈိမဂုဏ်ရည်) သာကေတ၊ ၁၀ ရက်တွင် ဒေါက်တာ နန္ဒမာလာ အဂ္ဂမဟာပဏ္ဍိတ ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ၁၁ရက်တွင် ဘဒ္ဒန္တ ဆေကိန္ဒ(ဓမ္မဒူတ)၊အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်နှင့် ၁၂ရက်တွင် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ (ရွှေလင်းယုန် ဆရာတော်) တောင်ငူမြို့တို့က ည ၇ နာရီခွဲတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီးဖြစ်မြောက်ရေး **ကော်မတီ ရွှေသိင်္ဂီရတနာဓမ္မာရုံ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း မြို့နယ်သို့ နှစ်ဖက်မိဘဘိုးဘွားများနှင့်ခင်ပွန်းဦးမောင်မောင်ကြီး၊ သမီး ဒေါ်ညွန့်ညွန့်သိန်း တို့အား ရည်စူး၍ ကန်သာယာ(၂)လမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ ဒေါ်ဘုဏ်သာ၊ ဒေါ်ခင်အေးသန်း၊ ဒေါ်သီသီလှ မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ အမှုဆောင် ဦးဘသန်း လက်ခံယူစဉ်။** (က-ပ)

လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၀၈)ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းခံရသော အောက်ဖော်ပြပါ ကျောက်ဆည်မြို့နယ်အသင်း (ရန်ကုန်)၏ အသင်းဝင်များအား အထူးလိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ယူပါသည်-

(၁) **ဦးဝင်းမောင် (မြဘုရင်နို့ဆီလုပ်ငန်း)**
သုစမ္မမဏိဇောတရ ဘွဲ့တံဆိပ်တော်
ကျောက်ဆည်မြို့

(၂) **ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)**
ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)
ညွှန်ကြားရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၃) **ဒေါက်တာမြင့်လွင်(ကထိက)**
လယ်ယာစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)
စိုက်ပျိုးရေးတက္ကသိုလ်

(၄) **ဒေါက်တာကျော်သီလွင်** Ph. D., I.I. Sc (Banglore)
စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)
ဒုတိယပါမောက္ခချုပ်၊ မန္တလေးနည်းပညာတက္ကသိုလ်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(၅) **ရဲမှူးချုပ်မြင့်သိန်း (လ/၁၅၁၆)**
စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)
သတင်းတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၆) **ဦးခင်မောင်မြင့်(ပ/၄၅၈၇)၊ ခရိုင်အုပ်ချုပ်ရေးမှူး**
စီမံထူးချွန်တံဆိပ်(တတိယဆင့်)
ကျောက်ဆည်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၇) **ဦးညွန့်ဆွေ၊ သံမှူးကြီး၊ မြန်မာနိုင်ငံသံရုံး၊ ဂျီနီဗာမြို့**
စီမံထူးချွန်တံဆိပ်(တတိယဆင့်)
နိုင်ငံခြားရေးဝန်ကြီးဌာန

(၈) **ဒေါ်လွင်လွင်အေးကျော်**
စီမံထူးချွန်တံဆိပ် (တတိယဆင့်) တွဲဖက်ညွှန်ကြားရေးမှူး၊
တရားမ တရားစီရင်ဌာန
တရားရုံးချုပ်(ရန်ကုန်)

ကျောက်ဆည်မြို့နယ်အသင်း (ရန်ကုန်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြားဖြစ်ရပ်များ

ထူးထူးခြားခြား သန်စွမ်းသူ

အမေရိကန်နိုင်ငံသား လက်စ်ဒေးဗစ်ဆိုသူ **(အပေါ်ပုံ)** သည် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၇ ရက်က အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ် ဒိုသန်မြို့တွင် ထူးခြားသည့်စွမ်းရည်တစ်ရပ်ကိုပြသခဲ့သည်။ ဒေးဗစ်သည် ၆ မီတာ (၁၉ ပေ၊ ၈ လက်မ) အရှည်ရှိ သံချောင်းကို ၂၉ စက္ကန့်အတွင်း အချင်း ၁၂ မီလီမီတာ (ဝ ဒသမ ၄၇ လက်မ) အရွယ်အစားရောက်အောင် ကွေးကာ ကမ္ဘာ့မှတ်တမ်းတင်နိုင်ခဲ့သည်။

မီးကျည်မီးခဲများပေါ် အဝေးဆုံးလျှောက်နိုင်သူ

၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် ဝူရှီမြို့တွင်ပြုလုပ်သည့် စွမ်းရည်ပြပွဲတစ်ရပ်၌ ယူနိုက်တက်ကင်းဒမ်းမှ စကော့ဘဲလ် **(အောက်ပုံ)** သည် အပူချိန် ၆၅၃-၆၇၁ ဒီဂရီ စင်တီဂရိတ် (၁၂၀၉-၁၂၄၁ ဖာရင်ဟိုက်ဒီဂရီ)ရှိ မီးကျည်မီးခဲများပေါ်မှ အကွာအဝေး မီတာ ၁၀၀ (၃၂၈ ပေ)အထိ လမ်းလျှောက်ကာ ကမ္ဘာ့မှတ်တမ်းတင်နိုင်ခဲ့သည်။

ကရာတေး စွမ်းရည်ပြသ ကွန်ကရစ်တုံး အများဆုံးခွဲ

နော်ဝေးနိုင်ငံသား နာ့ဗ်လေးရက်ဆိုသူ **(ယာပုံ)** သည် အော်စလိုမြို့တွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က ဆင့်စီထားသော ကွန်ကရစ်တုံး ၂၁ တုံးကို လက်ဖြင့်ရိုက်ခွဲကာ တစ်ကြိမ်တည်းဖြင့် ကွန်ကရစ်တုံး အများဆုံးခွဲနိုင်သူအဖြစ် စွမ်းရည်ပြသခဲ့သည်။

မော်တော်ယာဉ်ကိုအချိန်တိုအတွင်း အဝေးဆုံးရောက်အောင် တွန်းနိုင်သူ

အမေရိကန်နိုင်ငံသား အက်ရှ်ရီတာဖားမင်းဆိုသူသည် နယူးယောက်မြို့ လောင်းအိုင်းလင်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၅ ရက်က ပေါင် ၄၄၆၀ အလေးချိန်ရှိသည့် မော်တော်ယာဉ်တစ်စီးကို အချိန် ၂၁ မိနစ် ၈ စက္ကန့်အတွင်း အကွာအဝေး တစ်မိုင်ရောက်အောင် တွန်းပို့နိုင်ခဲ့ရာ တစ်ဦးတည်း တစ်မိုင်ခရီးကို အမြန်ဆုံးတွန်းနိုင်သူအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။

မော်တော်ယာဉ်ကို တစ်ရက်အတွင်း အဝေးဆုံးရောက်အောင် တွန်းနိုင်သူနှစ်ဦး

၎င်းတို့နှစ်ဦးမှာ ခရိအေးရှားနိုင်ငံသား ခရူနိစလေဗ်ဘူဒီဆီလစ်နှင့် မာရီယိုမလီနာရစ်တို့ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်က ပေါင်ချိန် ၂၁၃၈ ပေါင် ၇ အောင်စ လေးသည့် မော်တော်ယာဉ်တစ်စီးကို ၂၄ နာရီအတွင်း ၅၀ ဒသမ ၃၃ မိုင် အကွာအဝေးရောက်အောင် လက်ချည်းသက်သက်ဖြင့်တွန်းကာ စံချိန်တင်ခဲ့သည်။

ထူးခြားသည့်ကြွခိုင်စွမ်းရည် ပြသ

ချဒ်နယ်သာလန်ဆိုသူ အမေရိကန်နိုင်ငံသားတစ်ဦးသည် ၂၀၀၆ ခုနှစ် ဇူလိုင် ၁၄ ရက်က မစ်ဆိုရီပြည်နယ် စိန်းလူဝစ်မြို့၌ ကြွခိုင်စွမ်းရည်ပြသပွဲတစ်ရပ် ပြသခဲ့သည်။

၎င်းသည် သံချောင်းများပေါ်တွင် ပက်လက်အနေအထားအိပ်ပြီး ရင်ဘတ်ပေါ်၌ ကွန်ကရစ်တုံး ၂၆ တုံး (အလေးချိန် ၈၄၈ ပေါင်) ဆင့်တင်ကာ ၁၆ ပေါင် အလေးချိန်ရှိတူဖြင့် ရိုက်ခွဲ၍ စွမ်းရည်ပြသခဲ့သည်။

မှုခင်းသတင်းများ

အရက်ကြောင့် စိတ်မှုမမှန်သူက နေအိမ်ကိုမီးရှို့ရာမှ အိမ်ငါးလုံးမီးလောင်

ရန်ကုန် ဖေဖော်ဝါရီ ၄

မိတ္ထီလာမြို့နယ် ရှမ်းမငယ်ကျေးရွာအုပ်စု၊ ရေင်ကျေးရွာတွင် ဖေဖော်ဝါရီ ၂ရက် ညနေ ၄နာရီခွဲက ယင်းကျေးရွာနေ သန်းထွန်း (၄၅)နှစ် (ဘ)ဦးဘိုးမယ်သည် အရက်ကြောင့်စိတ်မှုမမှန်ဖြစ်ပြီး ၎င်း၏ နေအိမ် မီးဖိုချောင်ထန်းရွက်မိုးကို ဂက်စ်မီးခြစ်ဖြင့် မီးရှို့ခဲ့သဖြင့် ၎င်း၏နေအိမ် အပါအဝင် အခြားအိမ်လေးလုံး စုစုပေါင်း အိမ်ငါးလုံး မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကို ကျေးရွာမှဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၅နာရီတွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် အိမ်ထောင်စုငါးစုမှ အမျိုးသား ၁၂ဦး အမျိုးသမီး ၁၁ဦး စုစုပေါင်း ၂၃ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ပြီး အဆိုပါမိသားစုများကို ရှမ်းမငယ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများနှင့် ကျေးရွာနေ ပြည်သူများက ကူညီပံ့ပိုးမှုများဆောင်ရွက်ထားရှိကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ ရှမ်းမငယ်ရဲစခန်းက သန်းထွန်းအပေါ်(ပ) သတင်းချက်အမှတ် ၄/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၃၆ အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်ပျဉ်းမနား-တောင်တွင်းကြီး ရထားလမ်းဘေးတွင် အမျိုးသားတစ်ဦးသေဆုံးနေသဖြင့် သေမှုသေခင်းဖွင့်လှစ်ထား

ရန်ကုန် ဖေဖော်ဝါရီ ၄

နေပြည်တော်လယ်ဝေးမြို့နယ် နေပြည်တော်ပျဉ်းမနား-တောင်တွင်းကြီး ရထားလမ်း မိုင်တိုင်အမှတ် (၂၄၉/၅) နှင့် (၂၄၉/၆)အကြား၌ ဖေဖော်ဝါရီ ၂ရက် နံနက် ၁နာရီခွဲခန့်က လူတစ်ဦးသေဆုံးနေကြောင်း မင်းပြင် ဘူတာရုံပိုင် ဦးဝင်းမြင့်က သစ်ပုတ်ပင်ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားခဲ့သဖြင့် သစ်ပုတ်ပင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူသွားရောက် စစ်ဆေးခဲ့ရာ သေဆုံးသူမှာ သန်းရွှေ (၄၆) နှစ်(ဘ) ဦးပိန်၊ လယ်မကျေးရွာ၊ နေပြည်တော်လယ်ဝေးမြို့နယ်နေသူဖြစ်ပြီး ဦးခေါင်းနောက်စေ့ ညိုမဲဖူးရောင်ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိကြောင်းတွေ့ရှိရသဖြင့် အလောင်းကို နေပြည်တော်လယ်ဝေးမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ပြီးနောက် သစ်ပုတ်ပင်ရဲတပ်ဖွဲ့စခန်းက သေမှုသေခင်းအမှတ်စဉ် ၁/၂၀၀၈ဖြင့် အမှုဖွင့်လှစ်ပြီး သေဆုံးရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိန်ရွှေငွေပစ္စည်း ငွေကျပ် ၁၁၃ သိန်းကျော်ဖိုးခိုးယူခံရ

ရန်ကုန် ဖေဖော်ဝါရီ ၄

အိမ်ဖော်အဖြစ်လုပ်ကိုင်ခဲ့ဖူးသူ အမျိုးသမီးတစ်ဦးက အိမ်ရှင်နေအိမ်မှ ငွေကျပ် ၁၁၃ သိန်းကျော် တန်ဖိုးရှိ စိန်၊ ရွှေ၊ ငွေများကို ခိုးယူသွားသည်ဆိုကာ တိုင်ကြားသောမှုခင်းဖြစ်ရပ် လှိုင်မြို့နယ်တွင် ဇန်နဝါရီ ၃၁ ရက်က ဖြစ်ပွားခဲ့သည်ဟုသိရသည်။ ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၈ရက် မွန်းလွဲ ၁နာရီခွဲတွင် လှိုင်မြို့နယ် (၂) ရပ်ကွက်နေ ဒေါ်မိုးမိုးလှိုင် (၄၂)နှစ်၏နေအိမ်သို့ လွန်ခဲ့သော ၁၀နှစ်ခန့်က အိမ်ဖော်အဖြစ်လုပ်ကိုင်ခဲ့သူ ကျုံပျော်မြို့နယ် အထောင်ကျေးရွာနေ မသင်းသင်းအေး အသက်(စုံစမ်းဆဲ) ရောက်ရှိလာပြီး ၎င်း၏ခင်ပွန်းနှင့် စကားများ၍ အိမ်မှဆင်းလာခြင်းဖြစ်၍၊ ခေတ္တတည်းခိုခွင့်ပြုရန်ပြောသဖြင့် လက်ခံထားခဲ့သည်ဟုဆိုသည်။ ဇန်နဝါရီ ၃၀ရက် ည ၇နာရီခန့်တွင် ဒေါ်မိုးမိုးလှိုင် အပြင်သွား၍ပြန်လာစဉ် မသင်းသင်းအေးအား နေအိမ်တွင်မတွေ့သဖြင့် အိမ်တွင်းရှိ ပစ္စည်းများကိုစစ်ဆေးရာ ဗီရိုအတွင်းမှ စိန်နှင့် ရွှေထည်ပစ္စည်းမျိုးစုံလေးမျိုး တန်ဖိုးငွေကျပ် ၁၁၂၅၀၀၀၀ နှင့် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ၁၁၃၅၀၀၀၀ ပျောက်ဆုံးနေသဖြင့် အရေးယူပေးရန် ဒေါ်မိုးမိုးလှိုင်က ရဲတပ်ဖွဲ့စခန်းကို တိုင်ကြားသည်။ ပိတောက်ချောင်းရဲစခန်းက (ပ) ၂၈/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ ဖြင့် စုံစမ်းဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ (၃၁)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေးကျင်းပ မူကြမ်းရေးဆွဲရေး အဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးသည့်အခြေအနေများကို ရှင်းလင်းတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၄

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အစည်းအဝေး (၁၁/၂၀၀၈) ကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာသောင်းမြင့်က ဆောင်ရွက်သည်။**စာမျက်နှာ ၇ ကော်လံ ၁ သို့** ⇨

အမှာစကားပြောကြား

သဘာပတိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အစည်းအဝေး (၁၁/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

"လက်ရှိအစိုးရလုပ်နေတဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းတွေ၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းတွေ၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်အောင် အကောင်အထည်ဖော်ရေး လုပ်ငန်းတွေဟာ အရှိတရားတွေပဲ။ အဲဒီ အရှိတရားတွေကို မမြင်တာ ကန်းနေလို့ပေါ့၊ မကြားတာ နားထိုင်းနေလို့ပေါ့၊ ထုတ်ဖော်မပြောတာ အ, နေလို့ပေါ့၊ မရှင်းဘူးလား"

တိုးကြားမင်းခေါင်၏ "အပြောနဲ့လက်တွေ့ အမှားနဲ့အမှန် ဝေဖန်သင့်ပြီ"

(ဆောင်းပါး) စာမျက်နှာ-၆

ကြေးမုံ The Mirror ယနေ့သတင်းအညွှန်း

နှင်းမုန်တိုင်းများ တရုတ်၊ ဂျပန်နှင့် ဆွီဒင်တို့တွင် ကျရောက် ⇨ စာမျက်နှာ-၅

ကမ္ဘာတစ်လွှား ထူးထူးခြားခြား ဖြစ်ရပ်များ ⇨ စာမျက်နှာ-၁၁

မှုခင်းသတင်းများ ⇨ စာမျက်နှာ-၁၁

၂၀၀၆ခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်ဆုချီးမြှင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၆ခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် ညနေ ၆နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ ယင်းနေ့ညနေ ၆နာရီမှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)